ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဥပနိဿယအတိုင်း

ကမ္မဋ္ဌာနာစရိယ ဆရာတော်
ဦးဓမ္မသာရ ဟောကြားသော

# သာသနာသုံးရပ်
# နှင့်
# သစ္စာလေးပါးတရားတော်

ပဋ္ဌမအကြိမ် ဓမ္မဒါန


ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ
တရားစဉ် နှင့် လုပ်ငန်းစဉ်
ပြန့်ပွားရေး အဖွဲ့ချုပ်

သာသနာ - ၂၅၂၄ ကောဇာ - ၁၃၄၂

၁၆၈၇၇

ရန်ကုန်မြို့
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး
အဖွဲ့ချုပ်မှ

ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝိမလ

အရှင်သူမြတ်ဟောကြားတော်မူအပ်သော

# သာသနာသုံးရပ်

နှင့်

# သစ္စာလေးပါးတရားတော်

....○....

က— အ-ပ-တ

ပထမအကြိမ်          အုပ်ရေ-၈၀၀၀

၁၉၈၀-ခု၊ ဇူလိုင်လ

အဖုံး-ခေတ်ပုံ—အုန်းပင်တိုက်၊

ဓမ္မဒါန

မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် (၅၅၀)

....●...

ထုတ်ဝေဖြန့်ချိသူ

ဦးဘတင်
ကင်းလွတ်ခွင့် အမှတ် (၄၈၇)
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့
အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

အုန်းပင်ပုံနှိပ်တိုက်၊ ဦးမောင်ကို (၀၁၄၈၄)က
အမှတ်-၁၅၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်ပါသည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၁၂၄၅)



ကျေးဇူးတော်အရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရား




ကမ္မဋ္ဌာနာ စရိယ ဦးဓမ္မသာရ
တရားပြနေပုံ

မဋ္ဌိသာရုပ္ပါဒိတရား။ ၁၂ပါး၊ ထင်ရှားပေါ်လွင်စေသော်သခင်
အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
မဋ္ဌိသာမူပ္ပ ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမှင်မပြတ်၊ ဆက်စပ်သည့်ဟန်
ကံကြောင့်နာမ်ရုပ်၊ " နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန် ဖြစ်ပြန်နည်းအလျော်။ မြဟ္မာ-သိကြား၊ စသည်များက၊ ထင်ရှားပြုပြ
စီရင်ဘန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဥာဏ်ဖြင့်ရှု၍မြော်။
(ယက်ဘဲဆောင်ပုဒ်)မှုလနှစ်ခြာ၊ သစ္စာနှစ်ခု၊ လေးခုအလှာ၊ အင်္ဂါတဆယ့်နှစ်ဝါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်
ဝဋ်သုံးခနှင့်၊ ကာလသုံးခြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်ဘွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအစ်သည်၊ သံသရာမှလွတ်ကြောင်းတည်

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

တရားဦးပလ္လင်


၁။ သာသနာသုံးရပ် .... ၁
၂။ အိုသေလွတ်ရေး .... ၇
၃။ ဓမ္မက္ခန္ဓာ .... ၁၀
၄။ ဖြစ်-ပျက် တရား .... ၁၁
၅။ သာသနာကိန်းမှု .... ၁၃
၆။ သာသနာတော်၏ ကျေးဇူး .... ၁၈
၇။ အဝိဇ္ဇာမှ ဝိဇ္ဇာဖြစ်ရေး .... ၂၀
၈။ သင်္ခါရတရား .... ၂၃
၉။ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ .... ၃၅
၁၀။ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် .... ၄၁
၁၁။ တရားဟောနည်း .... ၄၄
၁၂။ ခန္ဓာဟောတရား .... ၅၀
၁၃။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဖြုတ်ခွာရေး .... ၅၆
၁၄။ ဆေးကုချိန်မရ ဆေးကုလို့မရတဲ့ ဖြစ်ပျက် .... ၆၀
၁၅။ သာသနာပြု အလှူခံတရား .... ၆၇
၁၆။ သစ္စာသိလျှင် ခန္ဓာကိုယ်ရောင်းလှူ .... ၇၄
၁၇။ အဝိဇ္ဇာချုပ်တော့ အို-သေ ချုပ် .... ၇၈

## အမှားအမှန်ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂ | ၁၀ | သင်္ဂါယတနာ | သင်္ဂါယနာ |
| ၂၃ | ၈ | အကုသိုလ် အကုသိုလ် | အကုသိုလ် |
| ၃၁ | ၂ | သွားတဲ့ပုဂ္ဂိုလ်ကြီးက | ကိုန်း သွားတဲ့ ပုဂ္ဂိုလ်ကြီးက |
| ၄၄ | ၆ | စက္ခုဣန္ဒြေ | စက္ခုန္ဒြေ |
| ၄၅ | ၁၁ | ဒီတခါ | ဒီကတခါ |
| ၄၈ | ၉ | ဆရာတော် တွေသာ | ဆရာတော်တရားတွေသာ |
| ၄၈ | ၁၂ | လွှယ်တဲ့ဆိုတဲ့ | လွယ်တယ် ဆိုတဲ့ |

....၀....

# တရားဦးပလ္လင်

## ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

မိုးကုတ်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ဟောကြားတော်မူသော ဝိပဿနာတရားကို ၁၉၆၂-ခုနှစ်၊ ဇူလိုင်လ ၁၀-ရက်နေ့က ရန်ကုန်မြို့၊ ဆင်းဒွစ်လမ်း၊ အမှတ် ၃၃-ရှိ ဦးသံဒိုင်+ဒေါ်တင်တင်တို့၏ နေအိမ်တွင် တကြိမ် ကြားနာလိုက်ရပါသည်။

ဆရာတော်ဘုရားကြီးသည် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပုံကို သူ၏လက်ဝဲဘက်၌ ချထား၍ တုတ်ဖြင့် ထောက်ကာ ထောက်ကာ ပဋိစ္စသမုပ္ပါဒ်လည်လမ်းနှင့် ထွက်လမ်းကို ခန္ဓာဉာဏ်ရောက် ပြသွားသည်မှာ ဤတရားဦးပလ္လင် ရေးသူကဲ့သို့သော လူပြိန်းများအဘို့ လွန်စွာမှ ရှင်းလင်း ပြတ်သားလှပါသည်။

ဆရာတော်ဘုရား ဟောကြားတော်မူသည့် ဝိပဿနာတရားသည် ဘုရားဟော ပါဠိတော်နှင့်အဋ္ဌကထာများမှ ဖြစ်ကြောင်း သိရသော်လည်း၊ မိန့်ကြားရာတွင် ပါဠိမနှော မြန်မာဘာသာ သန့်သန့်ဖြင့် လူတိုင်း နားလည်နိုင်လောက်သော ဝေါဟာရ အသုံးအနှုန်းများနှင့် ဆုံးမသွားသဖြင့် ပရိယတ္တိ အခြေခံ မရှိသူများအတွက် အလွန်သဘောပေါက်လွယ်လှပါသည်။

စာအင်အား နည်းသူများ နားမလည် လည်အောင် သဘောမပေါက်-ပေါက်အောင် အထူး ကြောင့်ကြ စိုက်၍ ကိုယ်တော်

တိုင် တည်ထွင်ထားသော ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း ဒေသနာဖြင့် သဘာဝယုတ္တိနှင့် အဟုတ်ရှိ၊ အမှန်ရှိသော ခန္ဓာတရားတို့ကို ထိုးထိုးထွင်းထွင်း ပြတ်ပြတ်သားသား ဆရာတော်ဘုရား မိန့်ကြား သွား သည် မှာ ဤ စာ ရေး သူ အ ဘို့ မေ့ နိုင် ဘွယ် ရာ အကြောင်း မရှိပါ။

ထို့ကြောင့် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးသည့် နောက် များမကြာမီ ထွက်ပေါ်လာသော မိတ္ထီလာမြို့၊ မူလ ဓမ္မာစရိယ ဦးမြင့်ဆွေ ရိုက်နှိပ်သည့် "မိုးကုတ်ဝိပဿနာဒုလ္လဘ ဒေသနာ၊ဟောစဉ်-ကျင့်စဉ်၊ သစ္စာလေးပါးတရားတော်များ" ပဉ္စမ တွဲမှ ဆင့်ဘဲတို့ကို ဝယ်ယူဖတ်ရှု၍ ကိုယ်တိုင် မှတ်သား ကျင့်ကြံရုံမျှမက မိမိနှင့် ဆက်စပ်ရာ သံဃာတော် အရှင်မြတ် များနှင့် ရင်းနှီးသော မိတ်သင်္ဂဟတို့အား အတွဲစုံ (၆) အုပ်စီ ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့ပါသည်။

ထိုနောက်ကာလ၌ ရန်ကုန်မြို့၊မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော တရား ပတ်များနှင့်ဥပုသ်နေ့၊တနင်္ဂနွေနေ့များတွင် မိုးကုတ်ဆရာတော် ဘုရားကြီး၏ အသံသွင်းကြိုးခွေတရားတော်များကိုရင်း၊ ကမ္မဋ္ဌာနာ စရိယ ဆရာတော်များ ဟောကြားသော တရားတော် များကိုရင်း၊ အဆက်မပြတ် နာယူခဲ့ပါသည်။

ကမ္မဋ္ဌာနာစရိယ-ဦးဓမ္မသာရ ဟောကြားသော တရားများ ကိုလည်း ဦးဓမ္မသာရ ရဟန်းဘောင်သို့ မဝင်ရောက်မီ လွန်ခဲ့ သည့် ၁၀-နှစ်ခန့်ကစ၍ ရန်ကုန်မြို့၊နတ်မောက်လမ်းရှိ၊ မိုးကုတ်

ဝိပဿနာ ဓမ္မရိပ်သာကြီး၌ ဤစာရေးသူမှာ အားပါးတရ ကြားနာခဲ့ပါသည်။

"ရဟန္တာသေလျှင် ဘာမှမဖြစ်ဘူး"ဟုအယူလွဲမှားနေသော ယမက ရဟန်းအား အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက တရားစစ်ဆေးစဉ်မှာပင် ကျွတ်တန်းဝင်အောင် ဆုံးမလိုက်သည်ကို ဦးဓမ္မသာရ ရဟန်းမဖြင်မီက ဟောကြားသည်မှာ လွန်စွာမှ မှတ်သားဘွယ် ကောင်းလှပါပေသည်။

ဦးဓမ္မသာရကား မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကို အပိုအလိုမရှိ တိကျစွာ လိုက်နာဟောကြားသဖြင့် တရားပြရာတွင် အလွန်ပင် ရှင်းလင်း ပြတ်သားလှပါသည်။

ထိုမှတပါး "စကားအရာ အင်္ဂါလေးတန်" ဟု ဆိုသည့် အတိုင်း (၁) သုဘာသိတဝါစာ-ကောင်းစွာ ပြောဆိုရခြင်း၊ (၂) ပိယဝါစာ-နှစ်သက်ဘွယ် ပြောဆိုရခြင်း၊ (၃) သစ္စာဝါစာ-မှန်ကန်စွာ ပြောဆိုရခြင်း၊ (၄) ဓမ္မဝါစာ-တရားနှင့် လျော်စွာ ပြောဆိုခြင်း တည်းဟူသော ပင်ကိုယ်ဉာဏ် ငြိသန်သူ ဖြစ်သဖြင့် ဆရာတော်-ဦးဓမ္မသာရ ဟောကြားသော တရားတော်များမှာ နာယူမှတ်သား၍ မငြီးနိုင်ပါ။

ဤတရားစာအုပ်ကလေးတွင် ပါရှိသော ဦးဓမ္မသာရ ဟောကြားသည့် တရားတော်မှာ သာသနာသုံးရပ်နှင့် ဆက်စပ်နေသော ဝိပဿနာတရား ဖြစ်သဖြင့် အထူးမှတ်သားဘွယ်ကောင်းလှပါသည်။

ဤတရားစာကို ဖတ်ရှု၍ လိုက်နာကျင့်သုံးသူ မှန်သမျှသည် သာသနာတွင်းသားစင်စစ် ဖြစ်မည်သာမက သာသနာတွင်း

အလှူနှင့် သာသနာ့ပအလှူကို ခွဲခြားသိရှိနိုင်ပါလိမ့်မည်၊ မိမိတို့ ကိုယ်တိုင် လှူဒါန်းရာတွင်လည်း သာသနာ့ကိန်း၍ သစ္စာဉာဏ် ဦးစီးပြီး ဝိပဿနာ ခြံရံသည့် လှူနည်းကို ကောင်းစွာ ရရှိပါ လိမ့်မည်။

ဤစာရေးသူနှင့်မမှိတ်ဆွေအပေါင်းတို့သည် ဘဝါဘဝေက အားကြီးသော အထောက်အပံ့ကို ရရှိကြသောကြောင့်သာ အလှန်တရာ ကြုံတွေ့ခဲ့လှသည့် သာသနာ ခေတ်မြတ် ခေါ်လူး ကြီးနှင့် တွေ့ကြုံခွင့် ဆုံဆည်းခွင့်ကို အရတော်စွာ ရရှိလာကြပါ ပေသည်။

ထိုသို့ ကြုံတွေ့လာရသည့် အခွင့်အခါကောင်းကြီးကို ယနေ့ မသေမီ အချိန်ကာလကလေးအတွင်း လက်ငင်း ကျွန်အငေ ယူထိုက်လှပါပေသည်။

သို့ဖြစ်သည်အားလျော်စွာ အရေးပါလှသော သာသနာ သုံးပုံနှင့် သစ္စာလေးပါး ဤတရားစာကို ဖတ်ရှုလေ့လာ ကျင့်ကြံကြ၍ သစ္စာနှင့် လျော်သော ဉာဏ်ကို ရရှိကြလျက် အို- သေ လွတ်ကင်းရာမှန် အေးနိဗ္ဗာန်သို့ အမြန် ဆုတ်ခွာက် မျက်မှောက်ပြုနိုင်ကြရန် ဂင်အလုပ်ကို ဆက်လက် အားထုတ် ကြပါကုန်စို့။

မောင်ကြင်
အငြိမ်းစားသံအမတ်ကြီး
၈၆–နတ်မောက်လမ်း၊
ရန်ကုန်မြို့။

၁၉၇၀-ခုနှစ်၊ တောင်ဥက္ကလာပ မြို့လုံးဆိုင်ရာ
ဝိနယစာပြန်ပွဲကြီး၌ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်ကြီးမှ
ကမ္မဋ္ဌာနာစရိယ ဆရာတော်
ဦးဓမ္မသာရ အရှင်သူမြတ် ဟောကြားတော်မူအပ်သော

# သာသနာ့သုံးရပ် နှင့်
# သစ္စာလေးပါး တရားတော်

တရားနှစ်လိုသူ့လုံးသွင်းကြ။ ဦးပဥ္စင်းတို့အကြောင်း ညီညွတ်တန်းမှာ သာသနာတော်ရဲ့ အခြေအမြစ်ဖြစ်တဲ့ ပရိယတ္တိ စာပြန်ပွဲကြီးလာပြီး ချီးမြှင့်ရတဲ့ အတွက် အလွန်ဘဲ ဝမ်းမြောက်ပါတယ်။

## သာသနာသုံးရပ်

ဘာဖြစ်လို့လဲဆိုလျှင် သာသနာဆိုတာက ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာ ဆိုပြီးတော့ သာသနာ သုံးရပ်မရှိဘူးလား .... (ရှိပါတယ်ဘုရား) အေး... ဒီ အထဲမှာ အရေးကြီးတာက ပရိယတ္တိ သာသနာပါဘဲ၊ ပရိယတ္တိသာသနာ ဟာ အခြေအမြစ်ပါဘဲ၊ ပရိယတ္တိ သာသနာရှိမှလဲ ပဋိပတ္တိ ဆိုတဲ့ ကျင့်စဉ်မှန်မယ်။

ပဋိပတ္တိ ကျင့်စဉ်မှန်မှလဲ ဦးပဉ္ဇင်းတို့ တကာ တကာမတွေ အလိုရှိတဲ့ မအိုမသေ အမြဲနေတဲ့နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်၊ ကိလေသာ အပူခေတ် အလောင်ခေတ်သိမ်းရာ ဖြစ်တဲ့ ပဋိဝေဓဆိုတဲ့ ဝိမုတ္တိရသကို ကိုယ်တိုင်မရဘူးလား .... (ရပါတယ်ဘုရား)။

ကြော်....ဒါကြောင့်လဲ ပရိယတ္တိ သာသနာဟာ ဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံပြီးတယ်ဆိုလျှင် ရှင်မဟာကဿပ ကိုယ်တော်ကြီးက သာသနာအရှည် တည်တံ့ဖို့ရာ ပဌမသင်္ဂါယနာ တင်ခဲ့လို့ ဟိုကနေပြီး အဆက်ဆက် သံဃာတွေ ဆောင်လာခဲ့တာ ဆဋ္ဌသင်္ဂါယနာ အထိဘဲ။

ဒီ ပရိယတ္တိ သာသနာကြီးဟာ အရောင်မမှိန်ဘဲနှင့် ဦးပဉ္ဇင်းတို့ခေတ်၊ ဦးပဉ္ဇင်းတို့ တကာ တကာမတွေခေတ်မှာ ပိုမိုအရောင်တောက်လာလိုက်တာ "တိပိဋကဓရ ဆရာတော် ဘုရားတွေလေးပါး" တောင် ထွန်းပေါ်လာလို့ အားလုံးဘဲ ပူဇော်ကန်တော့ကြရတာ အလွန်ဝမ်းမြောက်စရာ မကောင်းဘူးလား (ကောင်းလှပါတယ်ဘုရား)။

အေး....ဒီ တော့ ပရိယတ္တိသာသနာမှာ အရောင်တောက်သလို ပဋိပတ္တိ လုပ်ငန်းစဉ်တွေမှာလဲ ခန္ဓာဉာဏ်ရောက် ကျင့်ကြ၊ ကြံကြ၊ ကြိုးစားကြလို့ ကိုယ့် အဆင့်အတန်းအလိုက် ကိလေသာငြိမ်းအေးတဲ့ သဘော တွေ့ရပြန်တော့ သာသနာနှင့် တွေ့ရတဲ့

ကျေးဇူးဟာ သာမညလား၊ အင်မတန် ဝမ်းမြောက်စရာလား (အင်မတန် ဝမ်းမြောက်စရာပါ ဘုရား)။

အေး....ဒါဖြင့် ပရိယတ္တိသာသနာဘက်မှာလဲ ထွန်းပြောင်၊ ပဋိပတ္တိသာသနာ အရောင်ကလဲ လင်းလက်လာလို့ ပဋိဝေဓ ဆိုတဲ့ မင်္ဂဉာဏ် ဖိုလ်ဉာဏ် ခေတ်ကြီးဟာဖြင့် ဘုရားကိုယ်တော် မြတ်ကြီး ပရိနိဗ္ဗာန် ဝင်စံခါနီး သုဘဒ္ဒပရိဗိုဇ်ကို—

"ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿ"

လို့ မဟာပရိနိဗ္ဗာန သုတ်မှာ ကိုယ်တော်တိုင် အမိန့်ရှိသွားတဲ့ အတိုင်း အေး....ကောင်းစွာ ကျင့်ကြံ ကြိုးကြလို့ နည်းလမ်းမှန် ကန်မယ်ဆိုလျှင် ဘယ်တော့မှ ရဟန္တာ မဆိတ်သုဉ်းဘူးဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ပုံခေတ်က ရှင်အရဟံတပါး ပေါ်ပြီးတဲ့နောက် အလွန် အားထား မှီခိုဘွယ်ရာ ဆရာတော်တပါး အပါအဝင် ဖြစ် သော ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရား ကြီး ပေါ်ထွန်းလာတာ ပရိယတ္တိ သာသနာအရောင် ထွန်း ပြောင်လာသလို-ပဋိပတ္တိသာသနာမှာလဲ ဆရာတော်ဘုရားကြီး ကိုယ်တိုင် ခန္ဓာဝန်ချ သွားပြောသော်လဲဘဲ ဒီ-သာသနာ ယုံ ကြည်ကိုးစားကြတဲ့ ရဟန်းသံဃာတွေနှင့်တကွ တကာ တကာမ တွေ ဝိုင်းပြီး အားပေးမှုကြောင့် ဒီသာသနာ ထွန်းပြောင် လာတဲ့သဘော ရှိ-မရှိ။ (ရှိပါတယ်ဘုရား)။

ဒီကနေ့ပြီးတော့ ဒီအရိပ်ခိုမိတဲ့အတွက် အားလုံးဘဲ ခန္ဓာ ဉာဏ်ရောက် ကိုယ့်အဆင့်အတန်းအလိုက် ကိုယ်နှလုံးသွင်းနိုင်လို့

အသိဉာဏ်နဲ့ အပါယ်လေးပါးတံခါး ပိတ်နိုင်တဲ့ ပုဂ္ဂိုလ်တမျိုး အပွားဉာဏ်နဲ့ပိတ်နိုင်တဲ့ပုဂ္ဂိုလ်တမျိုး၊ အပယ်ဉာဏ်နှင့်ပိတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

သာသနာ့ရဲ့ အရသာဆိုတာ ဦးပဥ္စင်းတို့ တကာ တကာမတွေ သာမည အရသာလို့ မယူမှတ်ကြနဲ့နော် ....( မှန်လှပါဘုရား)။

ပရိယတ္တိသာသနာဘက်မှာလဲ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက နှစ်ပေါင်း ၃၀-တိုင်တိုင် အခြေခိုင်ခံ့အောင် ပြုစုပျိုးထောင်ခဲ့လို့ ဒီနေ့တိုင်အောင်ဘဲ ဆရာတော်ကြီးရဲ့ တပည့်သားမြေးတွေဟာ ပရိယတ္တိ စာသင်တိုက်ကြီးတွေမှာ ပေါပေါလွင်လွင် ရှိလျက်ပါဘဲ။

ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက်မှာ ယခု တိုက်အုပ် ဆရာတော်ကြီး ဖြစ်နေတဲ့ ဦးကောဏ္ဍညဟာဖြင့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးရဲ့ တပည့်အရင်းဘဲဆိုတာ မသိသေးတဲ့ ပုဂ္ဂိုလ်များလဲ သိအောင် သိပြီးသား ပုဂ္ဂိုလ်များလဲ မမေ့ရအောင် ပရိယတ္တိသာသနာတော် ဘက်ကလဲ မိုးကုတ်ဆရာတော် ဘုရားကြီး မျိုးစေ့ ချထားခဲ့တယ်ဆိုတာ မရှင်းဘူးလား....(ရှင်းပါတယ်ဘုရား)။

ရန်ကုန်မြို့မှ နာယကတွေ ဥက္ကဋ္ဌတွေ အားလုံးက အဖွဲ့သူ အဖွဲ့သားတွေနှင့် တကွ အားလုံး အဖွဲ့ခွဲတွေကို စီမံပြီးတော့ မကြာမတင်ဘဲ အနိစ္စရောက်သွားတဲ့ ဥက္ကဋ္ဌကြီး ဦးသံဒိုင်ဟာဖြင့် ဆရာတော်ကြီးရဲ့ ပဋိပတ္တိသာသနာ အခြေခိုင်ခံ့အောင် မြန်မာနိုင်ငံ

တဝှမ်းလုံးတွင်မက-ကမ္ဘာ့အနှံ့ချီးမြှင့်တဲ့ သဘောတွေ မတွေ့ရဘူးလား....(တွေ့ရပါတယ်ဘုရား)။

ဥက္ကဋ္ဌကြီး ဦးသံဒိုင် မရှိသော်ငြားလဲ ယခု အဖွဲ့ချုပ်မှာ တာဝန်ယူနေကြတဲ့ ပုဂ္ဂိုလ်တွေထဲက ဥက္ကဋ္ဌအဖြစ် ဦးအောင်ကျော်က တာဝန်ယူပြီး ကျန်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ညီညီ ညွတ်ညွတ် အဖွဲ့သူ အဖွဲ့သားတွေနှင့် ဒီပဋိပတ္တိ သာသနာတော်ကြီးကို ဆက်လက်ပြီးတော့ ကြိုးစားတဲ့အတွက် အနယ်နယ် အရပ်ရပ်မှာ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီး မြတ်စွာဘုရားရဲ့ ကိုယ်စားလှယ်လုပ်ပြီး ဆုံးမသွားတဲ့ ခန္ဓာဉာဏ်ရောက်တရားတွေကို အလွန်ဘဲ နာချင်ကြတယ်။ ကျင့်ချင်ကြတယ်ဆိုတာလဲ သိပြီးသားဖြစ်လို့ ဦးပဉ္စင်းတို့ တကာ တကာမတွေကို အထူး ပြောစရာ မလိုပါဘူးနော်....(မှန်လှပါဘုရား)။

ဒီလို နည်းမှန်လမ်းမှန်နဲ့ ကျင့်ကြံ ကြိုးစားတယ် ဆိုလျှင် သုဘဒ္ဒပရိဗိုဇ်က ဘုရားကို မေးလျှောက်တဲ့အခန်းမှာ ပါသလို၊ ကိုယ်တော်ကြီးရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနှင့် အမိန့်ရှိထားတဲ့ အတိုင်းဘဲ။

ဦးပဉ္စင်းတို့ တကာ တကာမတွေရဲ့ ဒီခေတ်မှာ အရိယာ မဆိတ်သုဉ်းဘူး ဆိုတာကိုလဲ ကိုယ်ကိုယ်တိုင် သာသနာကိန်းပြီး သာသနာသုံးရပ်လုံး ပြုစုပျိုးထောင်သွားတဲ့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီးက ရှေ့တန်းကနေ မပြဘူးလား....(ပြပါတယ်ဘုရား)။

ပြသွားတဲ့အတိုင်း ဦးပဥ္စင်းတို့နှင့်တကွ တကာ တကာမတွေ က ဆရာကောင်းတပည့်ပီပီ နောက်က ခြေရာခံလိုက်တဲ့ နေရာမှာ ပရိယတ္တိ အားပေးမှု မလျော့ရဘူးနော်(မှန်လှပါဘုရား)။

ဘာ့ကြောင့်လဲ ဆိုတော့ ပရိယတ္တိ အားပေးမှလဲ ဦးပဥ္စင်းတို့ တကာ တကာမတွေ ဒီ ပင်စည်ကနေ သီးပွင့်လာတဲ့ ပဋိပတ် ဆိုတဲ့ အရသာကို ခံစားရမယ်....(မှန်လှပါဘုရား)။

ပရိယတ် မရှိလျှင် ပဋိပတ် ကျင့်စဉ် မှန်ပါ့မလား....(မမှန်ပါဘုရား) အေး....ဒီ ပရိယတ် ပဋိပတ် ပြည့်စုံသွားလျှင် ပဋိဝေဓ မဆိုက်ဘူးလား....(ဆိုက်ပါတယ်ဘုရား)။

ဒါကြောင့် ပရိယတ္တိသာသနာလဲ အားပေးမလျော့ဘို့ အင်မတန်ဘဲ ဦးပဥ္စင်းတို့ အားထုတ်လျက်ပါ၊ ခု မြိတ်မြို့က ပြန်လာတာ မနေ့ကမှ ရောက်ပါတယ်၊ အင်မတန် ပင်ပန်းပါတယ်၊ ဟိုမှာလဲ ဆယ်ရက်တိုင်တိုင် ဆယ်ညတိုင်တိုင် ဟောခဲ့ရ၊ သို့သော်လဲ ဒီ သာသနာ့ရေးနှင့် ပတ်သက်လာလျှင် ဦးပဥ္စင်းတို့ ခန္ဓာ ဦးပဥ္စင်းတို့ ငဲ့တဲ့ သဘောမပါဘူး။

ဒီ တကာ တကာမတွေလဲ ရင်းနှီးပြီးသား ပုဂ္ဂိုလ်တွေ ဖြစ်နေလို့ ဩော်....သာသနာ့ရေးကို သူတို့မှ ဆောင်ရွက်နေသေးလျှင် ဒို့ကလဲ အားစိုက်မှာဘဲဆိုပြီး ကူညီတဲ့အနေနဲ့ ဦးပဥ္စင်းတို့ တကာ တကာမတွေကို ယနေ့ည တရားချီးမြှင့်ပါလိမ့်မယ်နော်-(မှန်လှပါဘုရား)။

ဒီ တော့ ဆရာတော်ဘုရားကြီးက ဘုရားရဲ့ ကိုယ်စားလှယ် လုပ်ပြီးတော့ ဆုံးမသွားတာတွေကို ဦးပဥ္စင်းတို့ တကာ တကာမ

တွေ ခံယူနိုင်အောင် ဦးပဥ္စင်းက ဟောကြားပြပါမယ်နော်....(မှန်လှပါဘုရား)။

## အိုသေ လွတ်ရေး

ဘုရားဆိုတာ ဘာဖြစ်လို့ ဘုရားဖြစ်လာတာတုန်းလို့ ဦးပဥ္စင်းတို့ တကာ တကာမတွေ သေသေချာချာ နက်နက် နဲနဲ တွေးဘို့ အရေးကြီးတယ်နော် .... (မှန်လှပါဘုရား) ပါရမီ ဆယ်ပါး အပြား သုံးဆယ် ဆိုတာကတော့ လူတိုင်းသိပါတယ်။

သို့သော်လဲ တကယ် အရင်းအမြစ်ကျကျ တွေးကြပါစို့ ဆိုတော့ ဘုရားဖြစ်ကြောင်း အစ တခြားကြောင့်လား၊ ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း ချုပ်ကြောင်း သိလို့ ဘုရား ဖြစ်တယ်လို့ ကိုယ်တော်ကြီး ကိုယ်တော်တိုင် အမိန့်မရှိဘူးလား - (ရှိပါတယ် ဘုရား)။

အမြစ်အရင်းကို လိုက်လိုက်မှ ဘုရားဖြစ်ကြောင်းကို အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီး သေသေချာချာ အမိန့်ရှိသွားတာက အေး....ပါရမီ ဆယ်ပါး အပြားသုံးဆယ် ဆိုတာတွေက ဝေးသော အကြောင်းတွေဘဲ။

အမှန်ငင်စစ် ဘုရားဖြစ်ဘို့ရာ ဘုရား ကိုယ်တော် မြတ်ကြီး ကျင့်လာတာဟာ အခြားအတွက်လား၊ အို....သေ လွတ်ဘို့ လား....(အို·သေလွတ်ဘို့ပါဘုရား)။

ဒါဖြင့် အို·သေ လွတ်မှသာလျှင် ကျင့်ဥည်မှန်မှာပေါ့.... (မှန်လှပါဘုရား)။

ဒါဖြင့် အို-သေ လွတ်အောင် ဘုရားကိုယ်တော်မြတ်ကြီး ကျင့်သွားတဲ့အတွက် အို-သေ လွတ်တဲ့လမ်း ဘုရားကိုယ်တော် မြတ်ကြီး မတွေ့ဘူးလား၊ တွေ့သွားသလား .... (တွေ့သွားပါ တယ်ဘုရား)။

အို-သေ မလွတ်ကာက ဦးပဉ္စင်းတို့ တကာ တကာမတွေ့ ပဋိစ္စသမုပ္ပါဒ်မှာ ကြည့်မယ်ဆိုလျှင်တခြား ဝတွေ့မလား၊ အဝိဇ္ဇာ တွေ့မလား....(အဝိဇ္ဇာတွေ့ရမှာပါဘုရား)။

အဝိဇ္ဇာ ရှိနေသရွေ့ အို-သေလွတ်ပါ့မလား .... (မလွတ်ပါ ဘုရား)ပဋိစ္စသမုပ္ပါဒ် သေသေချာချာ ကြည့်လိုက်တော့ ဇရာ မရဏဟာ တခြားကြောင့် ဖြစ်ရတာလား .... အဝိဇ္ဇာကြောင့် ဖြစ်ရတာလား....(အဝိဇ္ဇာကြောင့် ဖြစ်ရတာပါဘုရား)။

·အဝိဇ္ဇာဆိုတာ အမှန်သိတဲ့တရားလား၊ အမှန်မသိတဲ့တရား လား....(အမှန်မသိတဲ့ တရားပါဘုရား)။

ဩြော်....ဒါဖြင့် ဘုရားမပွင့်ခင်က အမှန်တရား ရှိရဲ့လား.... ( မရှိပါဘုရား ) ပေါ်သွားပြီ အမြစ်အရင်း တလုံးထဲနဲ့ သိအောင် ဦးပဉ္စင်းက လိုရင်းကို ပြောလိုက်ပါတယ်။

သေသေချာချာ လေးလေးစားစား နာပါ၊ ဦးပဉ္စင်း သေ သေချာချာ ပြန်ပြောပါဦးမယ်၊ ဒီမှာ ဇရာ-မရဏ အို-သေ ရှိ၊ မရှိ....(ရှိပါတယ်ဘုရား)။

ဒီ အို-သေလွတ်ဘို့ရာ ဘုရားကိုယ်တော်မြတ်ကြီးသည် ပါ ရမီ ဆယ်ပါး အပြားသုံးဆယ်ဆိုတာ ဝေးသောအကြောင်းပါ

နီးသော အကြောင်းကတော့ဖြင့် ဒီ ဇရာ မရဏ ကိုယ်တော်ကြီး မှာလဲ မရှိဘူးလား၊ ရှိသလား....(ရှိပါတယ်ဘုရား)။

ဇရာ မရဏရဲ့ လက်သယ်အရင်းကျကျ ပဋိလောမနည်းနှင့် နောက်ပြန် တွေးလိုက်လျှင် တခြား တွေ့သလား၊ အဝိဇ္ဇာတွေ့ သလား....(အဝိဇ္ဇာ တွေ့ရပါတယ်ဘုရား)။

ဒီ အဝိဇ္ဇာဆိုတာ အမှန်သိတဲ့ တရားလား....(အမှန်မသိတဲ့ တရားပါဘုရား)။

ဒါဖြင့် ဘုရားမပွင့်ခင်က အမှန်သိတဲ့တရား ရှိရဲ့လား....(မရှိ ပါဘုရား) ပေါ်သွားပြီ အမှန်ဆိုတာ တခြားလား သစ္စာ လား....(သစ္စာပါဘုရား)။

ဩော် .... ဒါဖြင့် ဘုရားကိုယ်တော်မြတ်ကြီး ဘုရားအဖြစ် ဝန်ခံတာသည် တခြားကြောင့် ဝန်ခံတာလား၊ သစ္စာသိလို့ ဝန်ခံတာလား....(သစ္စာသိလို့ဝန်ခံတာပါဘုရား)။

ဒါဖြင့် ဒီသစ္စာသိလို့ ဒီအဝိဇ္ဇာချုပ်သွားလျှင် ဦးပဥ္စင်းတို့ တကာ တကာမတွေ တခြား လွတ်မှာလား၊ အို သေလွတ်မှာ လား....(အို သေလွတ်မှာပါဘုရား)။

ဒါဖြင့် ဦးပဥ္စင်းတို့နှင့် တကွ ဦးပဥ္စင်းတို့ တကာ တကာမ တွေ အမှန်သိ မရောက်သေးလျှင် ဒီ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် မလုပ်နိုင်သမျှ ကာလပတ်လုံး အို သေလွတ်ပါ့မလား–(မလွတ် ပါဘုရား) ဒီ အဝိဇ္ဇာကို....

''ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ''

ဉာဏ်အလင်းရအောင် လုပ်နိုင်ခဲ့သော် ဒီ အို သေ မလွတ်ဘူး လား၊ လွတ်မလား....(လွတ်ပါမယ်ဘုရား)။

## ဓမ္မက္ခန္ဓာ

ပိဋကသုံးပုံမှာ ဦးပဉ္ဇင်းတို့ တကာ တကာမတွေ သုတ်-ဝိနည်း-အဘိဓမ္မာ ဆိုပြီးတော့ မရှိဘူးလား-(ရှိပါတယ်ဘုရား) အေး....သုတ္တန် ပိဋက က ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ ဝိနည်း ပိဋက က ၂၁၀၀၀၊ အဘိဓမ္မာ ပိဋက ၄၂၀၀၀၊ ပေါင်းလိုက်တော့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-ရှိ မရှိ....(ရှိပါတယ်ဘုရား)။

အဲဒါတွေ အားလုံး ချုံးလိုက်လျှင် တခြားလား အနိစ္စ ဒုက္ခ-အနတ္တလား .... (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါ-ဘုရား) အနိစ္စ ဆိုတာ တခြားလား အို သေဘဲလား....(အို သေပါဘုရား)။

ဒုက္ခ ဆိုတာ တခြားလား၊ အို သေလား(အို သေပါဘုရား) အနတ္တဆိုတာကရော တခြားလား၊ အို သေလား....(အို သေပါ ဘုရား) ဪ....ဒါဖြင့် ဘုရားကိုယ်တော်မြတ်ကြီးက ဒီ ဇရာ မရဏရဲ့ လွတ်ကြောင်းကို တွေ့သွားလို့သာလျှင် သူ့ ကိုယ် သူ ဘုရားလို့ ဝန်မခံဘူးလား ခံသလား....(ဝန်ခံပါတယ်ဘုရား)။

အို သေလွတ်ကြောင်းမှ မတွေ့သေးလျှင် ဦးပဉ္ဇင်းတို့ တကာ တကာမတွေ ကျုပ်တို့ လုပ်သမျှ မှန်မှာလား၊ လွဲမှာလား.... (လွဲမှာပါဘုရား)။

အေး....ဒါဖြင့် အလွဲဟူသရွေ့ အမှန်ရောက်အောင် ပရိယတ္တိ သာသနာက ကျင့်စဉ်မပေးဘူးလား .... (ပေးပါတယ်ဘုရား) ဒီတော့ ပဋိပတ္တိနှင့် ကိုယ်တိုင်ကျင့်လိုက်လို့ ရှိလျှင် အဝိဇ္ဇာက ဝိဇ္ဇာ ဥဒပါဒိ ဖြစ်အောင် ကျင့်နိုင်ရင် အို သေ မလွတ်ဘူးလား လွတ်မှာလား....(လွတ်မှာပါဘုရား)။

ကိုင်း....အို သေ လွတ်တာသည် တခြားလား နိဗ္ဗာန်လား.... (နိဗ္ဗာန်ပါဘုရား) ဒါဖြင့် ပဋိဝေဓဆိုက်၊ မဆိုက်....(ဆိုက်ပါတယ်ဘုရား)။

ဦးပဉ္ဇင်းတို့ တကာ တကာမ တွေကို တိုတို ကလေးနှင့် ဦးပဉ္ဇင်းက ကျေးဇူးပြုမယ်နော် .... (မှန်လှပါဘုရား) မရှင်း ရှင်းအောင်လဲ ဦးပဉ္ဇင်းတို့ ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယ ခြေရာခံပြီးတော့ ကျေးဇူးဆပ်ပါ့မယ်။ သည်းခံပြီး နာပါလို့ ဦးပဉ္ဇင်းက မေတ္တာရပ်ပါတယ်နော်....(မှန်လှပါဘုရား)။

## ဖြစ်-ပျက်-တရား

ပရိယတ္တိဆိုတဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဓမ္မက္ခန္ဓာ-၈၄၀၀၀ ကို ချုံးလိုက်တော့ အနိစ္စ-ဒုက္ခ-အနတ္တ အဲဒီ အနိစ္စ-ဒုက္ခ-အနတ္တ ပေါင်းလိုက်လျှင် ဖြစ်-ပျက် တရားလား-(ဖြစ်ပျက်တရားပါဘုရား) ဖြစ်-ပျက် တရားနော်။ ဒါဖြင့် ဒီ ဖြစ်-ပျက် မြင်လို့ ရှိလျှင် ဦးပဉ္ဇင်းတို့ တကာ တကာမတွေ ဘယ်မဂ္ဂင် ကိန်းသလဲ....(ဝိပဿနာ ဉာဏ် ကိန်းပါတယ်ဘုရား)။

ဝိပဿနာ ဉာဏ်နော် .... (မှန်လှပါဘုရား) မှန်လိုက်တာ၊ ဖြစ်-ပျက် အမှန် မြင်တဲ့ဉာဏ်သည် တခြားလား ဝိပဿနာ ဉာဏ်လား....(ဝိပဿနာ ဉာဏ် ပါဘုရား)။

ဝိပဿနာ ဉာဏ် ဆိုတော့ တခြားလား၊ ယထာဘူတ ဉာဏ် လား....(ယထာဘူတ ဉာဏ် ပါဘုရား)။

"ယထာ ဘူတံ ပဇာနန္တိ ဉာဏံ"

ဟုတ်တိုင်း မှန်စွာ ရှိတာနှင့် သိတာ မကိုက်ဘူးလား... (ကိုက်ပါတယ်ဘုရား) ခန္ဓာ အရှိ နှင့် ဉာဏ် အသိနှင့် မကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား)။

ကိုင်း....ဒီ ဖြစ်-ပျက် မြင်တဲ့ ပုဂ္ဂိုလ်ဟာ သူများအသေမြင်တာလား၊ ကိုယ့်အသေ ကိုယ်မြင်တာလား .... (ကိုယ့်အသေကိုယ် မြင်ပါတယ်ဘုရား) ဒါဖြင့် အိုသေ မြင်တာပေါ့....(မှန်လှပါဘုရား) ဘာမြင်တာပါလိမ့် (အိုသေမြင်တာပါဘုရား)။

ကိုယ့်ခန္ဓာထဲမှာ ဘာရှိသလဲ....(အိုသေ ရှိပါတယ်ဘုရား) တရားသာ နာရတယ်၊ ဟောတဲ့ ပုဂ္ဂိုလ်ကလဲ အိုသေဘဲ၊ နာတဲ့ ပုဂ္ဂိုလ်ကလဲ ...(အိုသေပါဘဲဘုရား) အင်း....ဒါဖြင့် သေခါနီးချင်း ပြောနေတယ်၊ သုဿာန်သွားရင်း ပြောနေတယ်.... (မှန်လှပါဘုရား) ရှင်းရော ရှင်းရဲ့လား (ရှင်းပါတယ်ဘုရား)။

အိုသေ မြင်လျှင် တခြားလား၊ ဝိပဿနာ ဉာဏ်လား.... (ဝိပဿနာဉာဏ်ပါဘုရား) အိုသေ ဆိုတာ တခြားလား၊ ဖြစ်-ပျက်လား....(ဖြစ်-ပျက် ပါဘုရား) ကိုင်း ဖြစ်-ပျက် ဆုံးတော့ တခြားလား၊ နိဗ္ဗာန်လား....(နိဗ္ဗာန်ပါဘုရား) ဟောဖြစ်-ပျက် ဆုံးသွားလျှင် ပဋိဝေဓ ဆိုက်၊ မဆိုက်....(ဆိုက်ပါတယ်ဘုရား)။

သာသနာဆိုတာ ပါဠိစကား၊ မြန်မာလိုပြောတော့ တခြားလား၊ အဆုံးအမလား....(အဆုံးအမပါဘုရား) ဩော်....ဒါဖြင့်လျှင် ဒီ အဆုံးအမ ကိန်းမှသာ ဦးပဥ္စင်းတို့ တကာ တကာမ

တွေ့ သာသနာ့အရိပ် ခိုမှသာလျှင် တကယ့်သောက ပရိဒေဝ မငြိမ်းဘူးလား၊ ငြိမ်းမလား....(ငြိမ်းမှာပါဘုရား)။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးရဲ့ သာသနာ့အရိပ် ခိုတဲ့ ပုဂ္ဂိုလ်များ သတိပဋ္ဌာန် ပါဠိတော်မှာ—

> "သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခ ဒေါ မနဿာနံ အတ္ထင်္ဂမာယ"

ဆိုတဲ့အတိုင်း သောကပရိဒေဝလဲ ငြိမ်းပါတယ်၊ အိုသေ ဆိုတဲ့ ဒုက္ခလဲ မသိမ်းဘူးလား....(သိမ်းပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း သိလို့လဲ ဘုရား ဖြစ်တယ်ဆိုတာ အိုသေဆိုတဲ့အကြောင်း ဘုရားရှင် မသိဘူး လား၊ သိသလား ...(သိပါတယ်ဘုရား) အိုသေချုပ်ကြောင်း လဲ ဘုရားရှင်မသိဘူးလား....(သိပါတယ်ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း ချုပ်ကြောင်း သိတယ် လို့ ဝန်မခံဘူးလား....(ဝန်ခံပါတယ်ဘုရား) ဒါဖြင့် သစ္စာသိလို့ ဘုရားဖြစ်တယ်လို့ ဝန်မခံဘူးလား .... (ဝန်ခံပါတယ်ဘုရား)။

## သာသနာကိန်းမှု

ဦးပဉ္ဇင်းတို့ရော ဦးပဉ္ဇင်းတို့ တကာ တကာမတွေ့ရော ကျေး ဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် အစိက ထား ပြီးတော့ သာသနာအစစ် ကိန်းအောင် ပဋိစ္စသမုပ္ပါဒ် ဖြစ် ကြောင်း ချုပ်ကြောင်းနှင့် သစ္စာဆိုက်အောင် အဆုံးအမ မပေးဘူးလား....(ပေးပါတယ်ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်မှ မသိသေးလျှင် ဦးပဥ္စင်းတို့ တကာ တကာမတွေ သာသနာအစစ် ကိန်းပါ့မလား....(မကိန်းနိုင်ပါ ဘုရား)။

ဒါဖြင့် သာသနာကိန်းမှ သာသနာ့ ကျေးဇူး သိမယ်.... (မှန်လှပါဘုရား)။

သာသနာ မကိန်းသေးလျှင် သာသနာရဲ့ ကျေးဇူး သိပါ့ မလား....(မသိပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း ချုပ်ကြောင်း သိတော့ သာသနာရဲ့ အခိုးအမကို သိနေတယ်ဆိုတာသည်-တဲ့ ဦးပဥ္စင်း တို့ တကာ တကာမတွေ ဒီ ပဋိစ္စသမုပ္ပါဒ် သိမှသာလျှင် ကိုယ့် အမှားဆိုတဲ့ ဒိဋ္ဌိမပယ်နိုင်ဘူးလား.... (ပယ်နိုင်ပါတယ်ဘုရား)။

ဟော....ခု ဖော်လိုက်တာ ပဋိစ္စသမုပ္ပါဒ်ရဲ့ အနှစ်သာရကို ဦး ပဥ္စင်းတို့ တကာတကာမတွေ ထောင်နိုင်တဲ့ နားနှင့် ပြောနိုင်တဲ့ ပုဂ္ဂိုလ်နှင့် ညိဘုံးမှာဘဲ လက်ငင်းဒိဋ္ဌပြောပါရစေလို့ ဦးပဥ္စင်း တို့က အကြိုးအကျယ် မေတ္တာရပ်ပါတယ်နော် .... ( မှန်လှပါ ဘုရား)။

လေးလေးစားစား နာပါ၊ ခါတိုင်းတရားပွဲနဲ့ မတူဘဲ တမူ သူးပြီးတော့ ပရိယတ္တိသာသနာကြီးကို ချီးမြှင့်တဲ့ နေရာမှာ ပြောဘ်...သာသနာကိန်းပြီး ချီးမြှင့်တာနှင့် သူများပြုလို့ ပြုရ တာဟာ တခြားစီဘဲ....(မှန်လှပါဘုရား)။

ဒီတော့ သာသနာကိန်းရအောင် ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း ချုပ်ကြောင်း သိလို့ ဘုရားဖြစ်တယ်ဆိုတာ ဘုရား

ချင်ကိုယ်တော်မြတ်ကြီး အမိန့်ရှိတော်မူခဲ့တော့ ဘုရား၏တပည့် သားမြေး ဖြစ်ချင်တော့လဲ ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း ချုပ်ကြောင်းသိမှ ကိုယ့်ခန္ဓာထဲမှာ မှားနေတဲ့ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဆိုတဲ့ ဒိဋ္ဌိ သုံးမျိုးဟာ အသိဉာဏ်နှင့် မစင်ဘူးလား....(စင်ပါတယ်ဘုရား)။

ဒီ ဒိဋ္ဌိသုံးမျိုး အသိဉာဏ်နှင့် စင်လို့ရှိယင် ဦးပဉ္ဇင်းတို့ တကာ တကာမတွေ သူများ အယူလက်ခံမှာလား၊ ဘုရားအယူလက်ခံ မှာလား....(ဘုရားအယူ လက်ခံမှာပါ ဘုရား)။

ဒါဖြင့် ဘုရား အဆုံးအမကိန်း၊ မကိန်း....(ကိန်းပါတယ် ဘုရား) ဒီ အဆုံးအမကိန်းတယ်ဆိုတာ အခိုက်အတန့်နော်.... (မှန်လှပါဘုရား)။

နေလို လလို ဝင်းနေတယ်လို့မျှား မယူလိုက်ပါနှင့် (မှန်လှပါဘုရား)။

ခုနတုန်းက ပြောသလိုဘဲ ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း ချုပ်ကြောင်း ကိုယ်ကိုယ်တိုင် ဉာဏ်ထဲ ရှင်းသွားယင် ဒါအသိဉာဏ်နှင့် ကိန်းတဲ့ သာသနာ....(မှန်လှပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ပြတ်အောင် လုပ်နိုင်လို့ရှိယင် အပ္ပါးဉာဏ်နှင့် ကိန်းတဲ့သာသနာ....(မှန်လှပါဘုရား)။

ပဋိသမုပ္ပါဒ် ဇာတ်သိမ်းအောင် လုပ်နိုင်ယင် ဦးပဉ္ဇင်းတို့ တကာ တကာမတွေ အပယ်ဉာဏ်နှင့် ကိန်းတဲ့ သာသနာ... (မှန်လှပါဘုရား)။

သေသေချာချာ မှတ်ပါ၊ ထိုးထိုးထွင်းထွင်း ဦးပဥ္စင်းတို့ ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယ အတိုင်း ကျေးဇူးဆပ်နေပါတယ်၊ ပဋိစ္စသမုပ္ပါဒ်မှ မူမတယ်ဘဲနှင့်ဆိုယင် သာသနာ့အစစ်ကိန်းဘို့ရာ လွယ်ပါ့မလား ...(မလွယ်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် မသိလျှင်ဖြင့် သစ္စာ သိပါ့မလား....(မသိပါဘုရား) သစ္စာမသိလျှင် ဦးပဥ္စင်းတို့ တကာ တကာမတွေ တခြားနှင့် နေမှာလား၊ အဝိဇ္ဇာနှင့် နေမှာလား....(အဝိဇ္ဇာနှင့် နေမှာပါဘုရား)။

အဝိဇ္ဇာနှင့် နေသမျှ ဦးပဥ္စင်းတို့ တကာ တကာမတွေ ဘာ အလုပ်လုပ်ကြမလဲ....(သင်္ခါရအလုပ် လုပ်မှာပါဘုရား)အဝိဇ္ဇာ ပစ္စယာ....(သင်္ခါရာပါ ဘုရား)။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ လုပ်လျှင် သင်္ခါရာ ပစ္စယာ ဘာ လာမလဲ....(ဝိညာဏံ လာမှာပါဘုရား) ဝိညာဏ်ရလျှင်၊ ပဋိသန္ဓေ ဝိညာဏ်ရှိလျှင် နာမ်နှင့်ရုပ်က မပေါ်ရဘူးလား....(ပေါ်ရမှာပါဘုရား)။

နာမ်နှင့်ရုပ်ရှိတဲ့ ပုဂ္ဂိုလ်မှာ သဠာယတန ဆိုတဲ့ မျက်စိ-နား-နှာ-လျှာ-ကိုယ်-စိတ် ရှိ၊ မရှိ....(ရှိပါတယ်ဘုရား) မျက်စိ-နား နှာ-လျှာ-ကိုယ်-စိတ် ရှိယင်ဖြင့် ဟို အာရုံ ဒီ အာရုံနှင့် တွေ့ထိတဲ့ ဖဿပေါ်၊ မပေါ်....(ပေါ်ပါတယ်ဘုရား) ဖဿဆိုတဲ့ တွေ့ထိမှုရှိယင် ခံစားတဲ့ ဝေဒနာတွေ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဝေဒနာပေါ်တိုင်းသာ ဘုရားအဆုံးအမ မကိန်းခဲ့လျှင် ဝေဒနာ ပစ္စယာ (တဏှာပါဘုရား) တဏှာ ပစ္စယာ ဘာလာမလဲ....

(ဥပါဒါန်ပါဘုရား) ဥပါဒါန်ဖြစ်လျှင် ဘာလာမလဲ....(ကမ္မ ဘဝ လာမှာပါဘုရား)။

ကမ္မဘဝရှိတဲ့ ပုဂ္ဂိုလ် ဘာဖြစ်မလဲ....(ဇာတိ ရမှာပါဘုရား) ဇာတိရတဲ့ ပုဂ္ဂိုလ် ဘာတွေ့မလဲ(ဇရာ မရဏ တွေ့ရမှာပါဘုရား) ကိုင်း .... ပဋိစ္စသမုပ္ပါဒ် မသိလျှင် အို သေ လွတ်ပါ့မလား.... (မလွတ်ပါဘုရား) သိယင် အဝိဇ္ဇာ နိရောဓာ ဘာဖြစ်မလဲ.... (သင်္ခါရ နိရောဓော ပါဘုရား)။

သင်္ခါရ နိရောဓာ....(ဝိညာဏ နိရောဓောပါဘုရား) သိယင် တော့ ဒုက္ခ မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား) မသိယင် ဒုက္ခမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) ဟာ-ရောက်ပြီ ဇရာ မရဏက နောက်ဆုံး ရွတ်လိုက်တော့....

"ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော"

မလာဘူးလား....(လာပါတယ်ဘုရား)။

အေး....အဝိဇ္ဇာ ချုပ်နိုင်တဲ့အကျင့် ကျင့်နိုင်ခဲ့လျှင် သင်္ခါရ ချုပ်၊ မချုပ်....(ချုပ်ပါတယ်ဘုရား) သင်္ခါရ ချုပ်ခဲ့ယင် ပဋိသန္ဓေ အကျိုးပေးတွေ သိမ်း၊ မသိမ်း....(သိမ်းပါတယ်ဘုရား) သိမ်းလို့ရှိလျှင် အိုမှု-နာမှု-သေမှုတွေရော သိမ်း၊ မသိမ်း-(သိမ်း ပါတယ်ဘုရား)။ သိမ်းသွားလျှင်....

"ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ"

လို့ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒီ ပါဠိတော်ကို ဦးပဉ္ဇင်းတို့ တကာ တကာမတွေ ပရိယတ္တိ သာသနာကြီးက ဆောင်ပေးခဲ့လို့ ခု ပဋိပတ္တိ သာသနာက

အညွန့်ခူး ပြောပြီးတော့ ပဋိဝေဓ ကိုယ် ကိုယ်တိုင် အရသာခံ စားနိုင်အောင် ဆိုပြီးတော့ သာသနာ့သုံးရပ် တကယ် ကိန်း သွားခဲ့တဲ့ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယကို ခံယူပြီး ဦးပဉ္စင်းတို့က ကျေးဇူးပြုပါတယ်နော်.... (မှန်လှပါဘုရား)။

ပဋိပတ္တိသမ္ပဒါ မသိလျှင် ကိုယ့်ခန္ဓာမှာ မှားတဲ့ဒိဋ္ဌိ ပယ်နိုင်ပါ့ မလား....(မပယ်နိုင်ပါဘုရား) သစ္စာမသိလျှင်လဲ အိုသေလွတ် တဲ့လမ်း တွေ့ပါ့မလား ..(မတွေ့ပါဘုရား)။

ဒါဖြင့် ပဋိပတ္တိသမ္ပဒါနှင့် သစ္စာလွတ် ဟောလျှင် တရားဟာ မှန်မလား၊ ကောင်းမလား .... (ကောင်းပါလိမ့်မယ် ဘုရား) ကောင်းတတ်တယ်၊ ချို့ယွင်းချက် ရှိတတ်တယ် .... (မှန်ပါ့ ဘုရား) ဒီ ပဋိပတ္တိသမ္ပဒါနှင့် သစ္စာသာပါလျှင် ဩော်....ဒါဖြင့် ချို့ယွင်းချက်မပါဘဲ တကယ်ထွက်ရပ်လမ်း ပြတော့မယ် ဆိုတဲ့ သဘော မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

## သာသနာတော်၏ ကျေးဇူး

ဒါဖြင့် သာသနာနှင့် တွေ့ရတဲ့ ကျေးဇူးဟာဖြင့် ဆပ်လို့ ကုန်နိုင်စရာ ရှိရဲ့လား....(မရှိပါဘုရား) သာသနာ့ရဲ့ ကျေးဇူး ကြီးပုံကို ဦးပဉ္စင်းတို့ တကာ တကာမတွေကို ဦးပဉ္စင်းတို့ ပြပါ့ မယ်၊ကဲ-ဘုရားသာသနာမရှိတုန်းက အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် ဟောနိုင်တဲ့ ပုဂ္ဂိုလ်ရှိရဲ့လား....(မရှိပါဘုရား)။

သမ္မာသမ္ဗုဒ္ဓ ဆိုတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ ပွင့် ထွန်း လာခဲ့တဲ့အခါမှာသာလျှင် ဒီ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်

ဟောပေးတဲ့ နည်းတွေ မရှိဘူးလား....(ရှိပါတယ်ဘုရား) အဲဒီ နည်းတွေက ပရိယတ်...(မှန်လှပါဘုရား)။

အကျဉ့် ပြီးမြောက်တာက ပဋိဝေဓ .... (မှန်လှပါဘုရား) ပရိယတ်ကသာ အခြေမခံလျှင် ဒီအဝိဇ္ဇာကို ဝိဇ္ဇာ ဖြစ်လာအောင် ဟောတဲ့နည်း ရှိပါ့မလား....(မရှိပါဘုရား) ဒါဖြင့် ပရိယတ်ရဲ့ ကျေးဇူးဟာ ဦးပဥ္စင်းတို့ တကာ တကာမတွေ အင်မတန် မများပေဘူးလား....(များလှပါတယ်ဘုရား)။

အေး....များတဲ့ အလျောက် ဦးပဥ္စင်းတို့ တကာ တကာမတွေ သာသနာကိန်းပြီးတော့မှ ဩော်....ဒို့ သာသနာကြီးကို ရှေးက သူတော်ကောင်းတွေ အဆက်ဆက် ဆောင်ရွက်ခဲ့သလို၊ ခုခေတ်မှာလဲ သာသနာကို အားပေးနေတဲ့ သူတော်ကောင်းတွေက ပြန်ပြီးတော့ ပြုစုချီးမြှောင်ပေးမယ်ဆိုလျှင် အများအတွက်လဲကောင်း၊ ကိုယ့်အတွက်လဲ မကောင်းဘူးလား .... (ကောင်းလှပါတယ်ဘုရား)။

ကိုယ့် အတွက်လဲ အပါယ်လေးပါး တံခါး ပိတ်တယ်၊ အများအတွက်လဲ လမ်းပြရာ မရောက်ဘူးလား .... (ရောက်ပါတယ်ဘုရား)။

အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် သာသနာပမှာ ဟောပေးနိုင်တဲ့ ပုဂ္ဂိုလ်တဦးတယောက်မှ မရှိဘူးဆိုတာ ယုံရော ယုံကြည်ရဲ့လား....(ယုံကြည်ပါတယ်ဘုရား) သို့ ယုံကြည်ပေမဲ့ ဦးပဥ္စင်းက သက်သေ သာဓကနှင့် ပြောရဦးမယ်....(မှန်လှပါဘုရား)။

အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် ဘုရားကိုယ်တော်မြတ်ကြီး များ မပွင့်ထွန်းတဲ့အခါမှာ ဟောပေးနိုင်တဲ့ ပုဂ္ဂိုလ်မရှိသဲ့ အတွက်

ဘုရားသာသနာ မရှိတဲ့အချိန်မှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာရှိရဲ့လား....(မရှိပါဘုရား)။

ဘုရားသာသနာ မရှိတော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ ဆိုတ်၊ မဆိတ် .... (ဆိတ်ပါတယ်ဘုရား) ကိုင်း....အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် ဟောပေးနိုင်တဲ့ အခွင့်အခါ ရလာတော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာများ မဆိတ်တဲ့ သဘော မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဦးပဥ္စင်းတို့ တကာ တကာမတွေ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်အောင် ဒီ နေ့ည ရှင်းပြမှာဘဲ....(မှန်လှပါဘုရား)။

သာသနာ့အစစ် ကိန်းလို့ရှိလျှင် သာသနာကို အားပေးမယ် ဆိုတာ ဦးပဥ္စင်းတို့က ယုံပြီးသား....(မှန်ပါဘုရား) သာသနာ အကိန်း နဲသေးလျှင်တော့ သာသနာ့အပေါ် ကျေးဇူးမသိ တော့ သာသနာကို ပြန်ပြီး ကျေးဇူးဆပ်ဘို့ နှောင့်နှေးမှာ ပေါ့....(မှန်လှပါဘုရား)။

သာသနာကိန်းသွားလို့ ရှိလျှင် သာသနာ့ရဲ့ ကျေးဇူးဆပ်လို့ မကုန်နိုင်အောင် ဆပ်ပြီးရင်း ဆပ်ချင်ရင်း ဆိုတဲ့ စေတနာသဒ္ဓါ တရားတွေဟာ ဗလဝ ဖြစ်မှာပေါ့....(မှန်လှပါဘုရား)။

## အဝိဇ္ဇာမှ ဝိဇ္ဇာ ဖြစ်ရေး

ကိုင်း–ဒီ အဝိဇ္ဇာမှ ဝိဇ္ဇာဖြစ်အောင် ဟောကြပါစို့ ဆိုတော့ ဦးပဥ္စင်းတို့ တကာ တကာမတွေ အဝိဇ္ဇာဆိုတာ သစ္စာလေးပါး

သိတဲ့ တရားလား၊ မသိတဲ့ တရားလား....(မသိတဲ့ တရားပါ ဘုရား)။ ဟော—

"ဒုက္ခေ အညာဏံ ဒုက္ခသမုဒယေ အညာဏံ ဒုက္ခနိရောဓေ အညာဏံ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ အယံဝုစ္စတိ အဝိဇ္ဇာ"

လို့ ဝိဘင်းပါဠိတော်မှာ မလာဘူးလား ....(လာပါတယ် ဘုရား) ကိုင်း မြန်မာလို ရှင်းရှင်း ပြောကြစို့ဆိုတော့ သစ္စာလေးပါး မသိတာဘာလဲ....(အဝိဇ္ဇာပါဘုရား)။

ဒုက္ခသစ္စာရော သူသိရဲ့လား ....(မသိပါဘုရား) သမုဒယသစ္စာရော သိရဲ့လား....(မသိပါဘုရား) နိရောဓသစ္စာရော သိရဲ့လား....(မသိပါဘုရား) မဂ္ဂသစ္စာရော သိရဲ့လား ....(မသိပါဘုရား)။

ဩော်·အမှန်လေးချက် မသိတာသည် တခြားလား၊ အဝိဇ္ဇာလား....(အဝိဇ္ဇာပါဘုရား)။

အမှန် လေးချက်ဆိုတာ သိကောင်းတဲ့တရားလား၊ မသိကောင်းတဲ့တရားလား....(သိကောင်းတဲ့တရား ပါဘုရား)။

ဒါဖြင့် သိကောင်းတဲ့ တရားကိုဖြင့် မသိ၊ မသိကောင်းတဲ့ တရား သိတာ ဘယ်သူလဲ .... (အဝိဇ္ဇာပါဘုရား) သိကောင်းတာကြတော့ သူသိရဲ့လား....(မသိပါဘုရား) မသိကောင်းတာကြတော့....(သိပါတယ်ဘုရား) သူ့နာမည် ဘယ်လိုခေါ်မလဲ (အဝိဇ္ဇာပါဘုရား)။

ကဲ-ဒီ အဝိဇ္ဇာကိန်းလျှင် အဝိဇ္ဇာ ပစ္စယာ .... (သင်္ခါရာပါ ဘုရား) ဒီ အဝိဇ္ဇာက ဘာဝင်္ဂလဲ (ကိလေသာ ဝဋ်ပါဘုရား) ဟောဒီ သင်္ခါရက ဘာဝဋ်လဲ....(ကမ္မဝဋ်ပါဘုရား) အဝိဇ္ဇာက ကိလေသဝဋ် .... (မှန်လှပါဘုရား) သင်္ခါရက .... (ကမ္မဝဋ်ပါ ဘုရား)။

ဒါဖြင့် အတိတ်တုံးက ဦးပဥ္စင်းနှင့်တကွ ဦးပဥ္စင်းတို့ တကာ တကာမတွေ ဉာဏ်မျက်လုံး အလင်းရခဲ့တာလား၊ ကွယ်ခဲ့တာ လား....(ကွယ်ခဲ့ပါတယ်ဘုရား)ကိလေသာ တိမ်သလာက ဉာဏ် မျက်စိပေါ်မှာ အုပ်သလား၊ မအုပ်ဘူးလား.... (အုပ်ပါတယ် ဘုရား)။

ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာသည် အတွင်းထောက် တော့ ဘာသစ္စာလဲ....(သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာ ကို ဦးပဥ္စင်းတို့ တကာ တကာမတွေ ဘုရားက ပွားများရမယ် လို့ ဟောသလား၊ ပယ်ရမယ်လို့ ဟောသလား....(ပယ်ရမယ်လို့ ဟောပါတယ်ဘုရား)။

ဒါဟာ ဓမ္မစကြာမှာ ပဟာတဗ္ဗမဂ်နှင့် ပယ်ဘို့ရာ မဟော ဘူးလား....(ဟောပါတယ်ဘုရား) သို့သော် ဦးပဥ္စင်းတို့ တကာ တကာမတွေက လွန်ခဲ့တဲ့ အတိတ်ဘဝက ပယ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ လား....(ကြိုးစားခဲ့တဲ့ပုဂ္ဂိုလ်တွေပါဘုရား)။

အဲဒါကို ဦးပဥ္စင်းအပြောနှင့်တော့ မယုံနှင့်ဦးပေါ့ .... (မှန် လှပါဘုရား) မှန်တော့ မှန်ပါတယ်၊ သို့သော် မယုံပါနှင့်ဦးလို့ ဦးပဥ္စင်းက တားထားတယ် .... (မှန်လှပါဘုရား) ကိုယ့်ဉာဏ် နှင့်ကိုယ် ချင့်ပြီးတော့ ယုံကြည်စေချင်လို့....(မှန်လှပါဘုရား)။

အဝိဇ္ဇာက ကိလေသဝဋ်၊ သင်္ခါရက ကမ္မဝဋ်ဆိုတော့ ဒီဝဋ် နှစ်ပါး တည်ထောင်တဲ့ သဘောရောက် မရောက်....(ရောက်ပါ တယ်ဘုရား) ဒီသင်္ခါရထဲမှာ ပုညာဘိသင်္ခါရာ ယော မပါဘူး လား....(ပါပါတယ်ဘုရား) အပုညာဘိသင်္ခါရာ ယော ....(ပါ ပါတယ်ဘုရား)အာနေဉ္ဇာဘိ သင်္ခါရာ ယော .... (ပါပါတယ် ဘုရား) သင်္ခါရ သုံးမျိုးရှိတယ်....(မှန်လှပါဘုရား) ပုညာဘိ သင်္ခါရဆိုတာ ကုသိုလ်....(မှန်လှပါဘုရား) အပုညာဘိသင်္ခါရ ဆိုတာ အကုသိုလ် အကုသိုလ်....(မှန်လှပါဘုရား)အာနေဉ္ဇာဘိ သင်္ခါရဆိုတာ ဈာန် သမထ·အဘိညာဉ်....(မှန်လှပါဘုရား)။

## သင်္ခါရတရား

ဒီသင်္ခါရထဲမှာ ကိုယ်နှင့်ဆိုင်တဲ့ သင်္ခါရကိုဘဲ ပြောကြပါ စို့....(မှန်လှပါဘုရား) ပုညာဘိသင်္ခါရမှာ=ပုညက ကုသိုလ်+ အဘိသင်္ခါရက လူခန္ဓာ၊နတ်ခန္ဓာ ဖြစ်အောင် မလုပ်ဘူးလား.... (လုပ်ပါတယ်ဘုရား) ကိုယ်နှင့်ဆိုင်တာလေးကို ကွက်ပြီး ပြော ကြပါစို့ ...(မှန်လှပါဘုရား) အကုန်လုံး ကျယ်ကျယ်ပြန့်ပြန့် ပြောလိုက်လျှင် ဒီနေ့ည တော်တော်ကြာ သိပ်ပြီးတော့ နာရီ တွေ ပိုသွားမှာစိုးလို့... (မှန်လှပါဘုရား) နာတဲ့သူတွေ ပင်ပန်း သွားမှာ စိုးလို့ပါ....(မပင်ပန်းပါဘုရား)။

သေသေချာချာစဉ်းစား၊ ကိုယ်နှင့် ဆိုင်တာလေး ကွက်ပြီး ပြောသွားကြရအောင် .... (မှန်လှပါဘုရား) ပုညကကုသိုလ်+ အဘိသင်္ခါရက ခန္ဓာဖြစ်အောင် လုပ်တာ....(မှန်လှပါဘုရား)။ သူက ဘာဝဋ်လဲ....(ကမ္မဝဋ်ပါဘုရား)။

ခင်ဗျားတို့ကို ရှင်အောင် ပြောမှာပါ၊ စိတ်ချပါ၊ ဒီတရား သွားလေး ပြောပြီးလျှင် နောက်ပိုင်းကျတော့ ခင်ဗျားတို့ ရှင် လာမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သာသနာကိန်းလျှင် အလွန် မျက်နှာကြည်လင်တာဘဲ....(မှန်လှပါဘုရား)။

အင်း....ဒေါသစိတ် ကိန်းလျှင် ခင်ဗျားတို့ မျက်နှာက ဘာ ဖြစ်လာသလဲ... (ဘီလူးရုပ် ပေါ်ပါတယ်ဘုရား) လောဘဖြစ် တော့ ပျာယာခတ်တယ်....(မှန်လှပါဘုရား) မောဟဖြစ်တော့ မှိုင်တွေချတယ်....(မှန်လှပါဘုရား) အဲဒီ ဇာတ်ထုပ် သိချင်လျှင် ဦးဒွေး မေးကြည့် ....( မှန်လှပါဘုရား ) ဥက္ကဋ္ဌကြီး ဦးဒွေး နေ့တိုင်း ဖြစ်နေကြကိုဗျ။

စဉ်းစားကြည့်၊ စဉ်းစားကြည့်၊ ဒီသင်္ခါရက သူနှင့် ဆိုင်တာ ပြောပါဆိုတော့ ပုညာဘိသင်္ခါရက ဘာဝဋ်လဲ..(ကမ္မဝဋ်ပါ ဘုရား)။

ဒါဖြင့် ဒီကမ္မဝဋ်က မိုးပေါ်ကျ ဖြစ်တာလား၊ ကိလေသာ ဝဋ်ကြောင့် ဖြစ်တာလား....(ကိလေသာဝဋ်ကြောင့် ဖြစ်တာ ပါဘုရား) ကိလေသဝဋ်ကို တရားကိုယ် ကြည့်လိုက်တော့ အဝိဇ္ဇာ မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား) ဒါဖြင့် အတိတ် ဘဝက အမှန်သိနှင့် လုပ်ခဲ့တာလား၊အမှားသိနှင့်လုပ်ခဲ့တာလား (အမှားသိနှင့် လုပ်ခဲ့တာပါဘုရား) မှားတာက ( အဝိဇ္ဇာပါ ဘုရား ) ပြုလုပ်တာက....(သင်္ခါရပါဘုရား)။

ဒါယဉ်ယဉ်ကလေး ပြောတာ၊ ဆရာတော်ကြီး အမိန့်ရှိ သလို ပြောရလျှင် အကန်း လမ်းသွား မဟုတ်လား....(မှန်လှ

ပါဘုရား) ကန်းတာက ဘယ်သူတုန်း .... (အဝိဇ္ဇာပါဘုရား) လမ်းသွားတာက (သင်္ခါရပါဘုရား) အဲ....ဆရာတော်ဘုရား ကြီး ပြောတဲ့အတိုင်း ပြောတာ ...(မှန်လှပါဘုရား)။

သို့သော် ဆရာတော်ဘုရားကြီးက ဂုဏ်ကြီးတယ်၊ ဦးပဉ္ဇင်း တို့က ဘာမျှ ဂုဏ်သိက္ခာ မရှိလှတော့၊ အမှားနှင့် လုပ်တယ်လို့ဘဲ ပြောရဲတယ်။

မှားတာက ဘယ်သူတုန်း....(အဝိဇ္ဇာပါဘုရား) ပြုတာက (သင်္ခါရပါဘုရား) ဆရာတော်ကြီးရဲ့ ဥပနိဿယအတိုင်း ပြော ပါဆိုတော့ အကန်းလမ်းသွားတယ်ဆိုတာ ကိလေသာ တိမ် သလာ ဖုံးတော့ မကန်းဘူးလား၊ ကန်းသလား .... (ကန်းပါ တယ်ဘုရား) ပင်ကိုယ်မျက်လုံး ကန်းတာလား၊ သစ္စာမျက်လုံး ကန်းတာလား....(သစ္စာမျက်လုံး ကန်းတာပါဘုရား)။

သစ္စာမျက်လုံး ကန်းတော့ အကန်းက ငြိမ်နေတာလား၊ လမ်းသွားတာလား .... (လမ်းသွားတာပါဘုရား) ပုညာဘိ သင်္ခါရက ကုသိုလ်မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား) အ ကုသိုလ်ဆိုတဲ့ ဆုတောင်း တကျော့လေးကရော မပါလား....(ပါ ပါတယ်ဘုရား) အပုညာဘိသင်္ခါရပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဝဋ်နှစ်ပါး တည်ထောင်တာ ဝဋ္ဋဒါနလား၊ဝိဝဋ္ဋ ဒါနလား .... (ဝဋ္ဋဒါနပါဘုရား) ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ လုပ်ကောင်း၊ မလုပ်ကောင်း ... (မလုပ်ကောင်းပါ ဘုရား) ဘာသစ္စာလဲ (သမုဒယ သစ္စာပါဘုရား)။

ဟော....ပြနေပြီ၊ သမုဒယ သစ္စာဆိုတာ လုပ်ကောင်းတဲ့ တရားလား၊ ရှောင်ရမဲ့ တရားလား .... (ရှောင်ရမဲ့တရားပါ

ဘုရား) ရှောင်ရမှာ လုပ်ရဲတယ်ဆိုတာ သိပြီး လုပ်တာလား၊ မသိလို့ လုပ်တာလား .... (မသိလို့ လုပ်တာပါဘုရား) ဒါဖြင့် သာသနာကိန်းရဲ့လား....(မကိန်းပါဘုရား)။

အတိတ်က သာသနာမကိန်းခဲ့ဘူး၊ ဦးပဥ္စင်းတို့လဲ မကိန်းခဲ့ဘူး၊ ဦးပဥ္စင်းတို့ တကာ တကာမတွေရော .... (မကိန်းခဲ့ပါဘုရား) အင်မတန် ဝမ်းနည်းစရာ ကောင်းတယ် ... (မှန်လှပါဘုရား) ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ အဝိဇ္ဇာက ကိလေသဝဋ္ဋ (မှန်လှပါဘုရား) ဒီ သင်္ခါရက....(ကမ္မဝဋ္ဋပါဘုရား)။

ဒါဖြင့် ဝဋ္ဋဒါန၊ ဝဋ္ဋသီလဆိုတော့ ကိုင်း-ဘာသစ္စာလဲ (သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာလုပ်လျှင် ခင်ဗျားတို့ နိရောဓသစ္စာရမလား .... (မရပါဘုရား) သမုဒယသစ္စာလုပ်တဲ့ ပုဂ္ဂိုလ်သည် သင်္ခါရပစ္စယာ ဘာတဲ့တုံး....(ဝိညာဏံပါဘုရား) ဟော-ဝိညာဏ် ဆိုတာ တခြားလား၊ ဇာတိလား....(ဇာတိပါဘုရား) ဒီ ဇာတိဟာ ခင်ဗျားတို့ ကိုယ်တိုင် အမိဝမ်းခေါင်းထဲ ပဋိသန္ဓေမနေရဘူးလား၊ နေရသလား-(နေရပါတယ်ဘုရား)။

အောက်ကကျင်ကြီး၊အပေါ်ကခွေးအံဖတ်၊အညစ်အကြေး နှစ်ထပ်ကြားထဲ မလဲဘူးလား....(လဲပါတယ်ဘုရား) ဒါ ချော်လဲတာပေါ့....(မှန်လှပါဘုရား) ဒါ အကန်း လမ်းသွားလို့ ချော်လဲတာ .... (မှန်လှပါဘုရား) ကန်းတာက (အဝိဇ္ဇာပါဘုရား) လမ်းသွားတာက (သင်္ခါရပါဘုရား) ချော်လဲတာက (ဝိညာဉ်ပါ ဘုရား) ဒါဖြင့် လူချမ်းသာဆို (မဟုတ်ပါဘုရား)။

ဩြော်... ပဋိစ္စသမုပ္ပါဒ် သိလို့ မဟုတ်ဘူး ပြောတာ (မှန်လှပါဘုရား) သစ္စာသိလို့ မဟုတ်ဘူး ပြောတာ (မှန်လှပါဘုရား) အောင်မယ် နဲ့တဲ့ တန်ဘိုး မဟုတ်ဘူးနော် ...(မှန်လှပါဘုရား) ဦးဒွေးရေ....သာသနာတွင်း ရောက်တော့မယ်-(မှန်လှပါဘုရား)။

သို့သော် မရောက်ခင်က ဖြစ်စဉ်လေး ပြောဦးမှဖြစ်မယ်.... (မှန်လှပါဘုရား) ဘာဖြစ်လို့လဲ ဆိုတော့ သာသနာပြုချင်တာကိုး (မှန်လှပါဘုရား) ပရိယတ္တိစာပြန်ပွဲကြီး သာသနာပြုရအောင်လို့ ပရိယတ္တိအခြေခံကြီး သာသနာပြုပြီးတော့ ပဋိပတ္တိ ကျင့်စဉ် ပေါ်ကနေပြီး သာသနာကိန်းအောင် လုပ်ပြီးတော့မှ သာသနာပြုလျှင် မှန်မှာကိုး (မှန်လှပါဘုရား)။

ဥပမာ ဆိုလျှင် သူ့တဦးမှာ တသိန်းကိုးသောင်း ရှိတယ်၊ မင်းတော့ကွာ စားဘို့ သောက်ဘို့ တရာကိုးဆယ် ယူသွားဆိုလျှင် ခင်ဗျားတို့ မယုံဘူးလား၊ ယုံမှာလား .... (ယုံမှာပါဘုရား)။

ဒါဖြင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက မသိဘဲနှင့် ဟောသွားတာလား ...(သိပြီး ဟောသွားတာပါဘုရား) သာသနာမကိန်းသေးဘဲနှင့် ဟောသွားတာလား၊ သာသနာအစစ် ကိန်းပြီးမှ ဟောသွားတာလား....(သာသနာအစစ် ကိန်းပြီးမှ ဟောသွားတာပါဘုရား)။

ဦးပဥ္စင်းတို့လဲ သာသနာကိန်းအောင် လုပ်ရလိမ့်မယ် (မှန်လှပါဘုရား) သေသေချာချာကြည့်ပါ၊ သာသနာမကိန်းတာ

ဘယ်သူ့ကြောင့် မကိန်းတာလဲ .... (အဝိဇ္ဇာကြောင့် မကိန်းတာပါဘုရား) အဝိဇ္ဇာကြောင့် မကိန်းတာ ဒါ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ဒီအဝိဇ္ဇာ ပါ-မပါ (ပါပါတယ်ဘုရား)။

ဟောဒီ သင်္ခါရထဲမှာလဲ အဝိဇ္ဇာ ပါ-မပါ....(ပါပါတယ်ဘုရား) အဝိဇ္ဇာက ဘာဝဋ်လဲ .... ( ကိလေသဝဋ်ပါဘုရား ) သင်္ခါရက ဘာဝဋ်လဲ....(ကမ္မဝဋ်ပါဘုရား)။

အေး....မောင်ခိုင် အတွင်း ထောက်တော့ ဘာသစ္စာလဲ.... ( သမုဒယ သစ္စာပါဘုရား ) ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာညှိလိုက်တော့ ကိုယ်ကိုယ်တိုင် အကောင်းဘဝနှင့် လာခဲ့တာလား၊ အကန်းဘဝနှင့် လာခဲ့တာလား....(အကန်းဘဝနှင့်လာခဲ့တာပါဘုရား)။

ကန်းတာ ဘယ်သူတုန်း ...(အဝိဇ္ဇာပါဘုရား) လမ်းသွားတာက (သင်္ခါရပါဘုရား) ချော်လဲတာက (ဝိညာဉ်ပါဘုရား) အမိဝမ်းခေါင်းထဲ ခင်ဗျားတို့ ကိုယ်တိုင် ချော်လဲသလား၊ မလဲဘူးလား....(လဲပါတယ်ဘုရား)။

ဇာတိပိ ဘာသစ္စာလဲ ...(ဒုက္ခသစ္စာပါဘုရား) ဘုရားအဆူဆူက ဇာတိ ဘာသစ္စာ ဟောသလဲ (ဒုက္ခသစ္စာလို့ဟောပါတယ်ဘုရား) ဘာသစ္စာကြိုးစားခဲ့သလဲ .... (သမုဒယသစ္စာ ကြိုးစားခဲ့ပါတယ်ဘုရား) ဒါဖြင့် အမိဝမ်းခေါင်းထဲ ရောက်ကထဲက ဒုက္ခနှင့် (မှန်လှပါဘုရား) အပြင်ဘက်မရောက်ခင်ကထဲက နာမ်ရုပ်တို့ သဠာယတနတို့ ဖဿဝေဒနာတို့ တပေါင်းထဲဖြစ်တာ အဘိဓမ္မာနည်းနှင့် ပြောမယ်ဆိုလျှင် ခန္ဓာငါးပါး တပေါင်းထဲ ဖြစ်လာတာ....(မှန်လှပါဘုရား)။

ပဋိဝေါကာရဘုံမှာ ခန္ဓာငါးပါးတပေါင်းထဲ ဖြစ်လာတာ ကိုး ဒီတော့ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် သာသနာတွင်း လုပ်လို့ရတာလား၊ တနည်းဆိုပါတော့ သာသနာ မကိန်းဘဲ လုပ်လို့ရတာလား .... (သာသနာမကိန်းဘဲ လုပ်လို့ ရတာပါဘုရား)။

ဦးပဥ္ဇင်းတို့ရော ဦးပဥ္ဇင်းတို့ တကာတကာမတွေရော သာသနာ အဆုံးအမ လက်မခံဘဲနှင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ အကန်း လမ်းသွားပြီးတော့ သမုဒယသစ္စာ ကြိုးစားခဲ့တယ်။ ပြီးတော့ လူချမ်းသာဆိုပြီး ကျုပ်တို့က ဆုတောင်းယူခဲ့တယ်.... (မှန်လှပါဘုရား)။

ဆုတောင်းယူခဲ့လို့ ခန္ဓာငါးပါးရတော့ ဘာသစ္စာလဲ (ဒုက္ခ သစ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ် နားလည်လိုက်တော့ ကိုယ်လာ ခဲ့တဲ့ လမ်းက မှန်သလား၊ လွဲသလား....(လွဲပါတယ်ဘုရား)။

အဲဒီ လွဲတာကို ခင်ဗျားတို့က ဆက်လွဲသွားမှာလား၊ ပြင်ရ မှာလား....(ပြင်ရမှာပါဘုရား) လွဲသွားပြီး လွဲသွားတာကို လွဲ မှန်းသိလို့ ပြုပြင်မယ်ဆိုလျှင် ခုနကတုံးက ပြောသလို ကိုယ်ဒုက္ခ ရောက်မဲ့ကိစ္စကို လုပ်မှာလား၊ ဒုက္ခလွတ်မဲ့ကိစ္စကို လုပ်မှာလား- (ဒုက္ခသိမ်းတာကို လုပ်မှာပါဘုရား)။

စဉ်းစားနာပါ၊ ငြိမ်းစားနာပါ၊ ဦးပဥ္ဇင်းက တကာတကာမ တွေကို သတိပေး ဟောနေတယ်....(မှန်လှပါဘုရား) ဘာပြုလို့ လဲဆိုတော့ ဒီမှာ ထောင်နိုင်တဲ့ နားတွေ အများကြီး ရှိတယ်လို့ ဦးပဥ္ဇင်းအနေနဲ့ ယုံကြည်လို့ ရဲရဲတင်းတင်း ဟောနေတယ်.... (မှန်လှပါဘုရား)။

ဒီတော့ အဝိဇ္ဇာကိန်းလို ဒီသင်္ခါရတွေ လုပ်တော့ ဒီမှာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝဋ္ဋဒုက္ခ၊ ဝဋ္ဋသီလ မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား) ဟော....ဒီတော့ ဘာသစ္စာလုပ်မိသလဲ- (သမုဒယသစ္စာ လုပ်မိပါတယ်ဘုရား) ဘယ်တုန်းက လုပ်ခဲ့တာလဲ ဆိုတော့ (အတိတ်ဘဝကပါဘုရား)။

ဟောဒီပစ္စုပ္ပန် ဘဝမရောက်ခင် (မှန်လှပါဘုရား) ပစ္စုပ္ပန်ဘဝမရောက်ခင် အတိတ်ဘဝက ကျုပ်တို့သာသနာနှင့် တွေ့ခဲ့ကြသလား၊ လွဲခဲ့ကြသလား .... (လွဲခဲ့ကြပါတယ်ဘုရား) ဒါကြောင့် ဘုရားသာသနာနှင့် တွေ့ဘို့ဆိုတာ အလွန်ခဲယဉ်းတဲ့ ဒုလ္လဘတဲ....(မှန်လှပါဘုရား)။

ဘုရားသာသနာနှင့် တွေ့ဘို့ဆိုတာ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် ပြောနိုင်မှ သာသနာနှင့် တွေ့တာ....(မှန်လှပါဘုရား)။

အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်နိုင်တာက သာသနာပမှာ လုပ်နိုင်တာလား၊ သာသနာတွင်းမှာ လုပ်နိုင်တာလား....(သာသနာတွင်းမှာ လုပ်နိုင်တာပါဘုရား) ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရ အလုပ်သည် ဆောင်ရမဲ့အလုပ်လား၊ ရှောင်ရမဲ့အလုပ်လား....(ရှောင်ရမဲ့အလုပ်ပါဘုရား)။

ဘာသစ္စာမို့လဲ (သမုဒယသစ္စာမို့ပါဘုရား) ဘုရားက သမုဒယသစ္စာကို ဆောင်ရမယ်လို့ ဟောသလား၊ ရှောင်ရမယ်လို့ ဟောသလား .... (ရှောင်ရမယ်လို့ ဟောပါတယ်ဘုရား) ပဟာတဗ္ဗကိစ္စနှင့် ရှောင်ရမယ်လို့ မဟောဘူးလား .... (ဟောပါတယ်ဘုရား)။

စဉ်းစားနှာပါ၊ စဉ်းစားနှာပါ။ သာသနာအစစ် ကိန်းစေချင်လို့ သွားတဲ့ပုဂ္ဂိုလ်ကြီးက ပြခဲ့တဲ့ ဥပနိဿယကို ယူပြီးတော့ သာသနာတွင်းသားတွေ အစစ်ဖြစ်အောင် ပြောနေပါတယ်။ ဘုရားသာသနာမှာ ပရိယတ္တိ အခြေခံ အုဋ္ဌမြစ် ခိုင်မှသာလျှင် အပေါ်က အဆောက် အဦး ဆောက်လို့ရမှာပေါ့....(မှန်လှပါဘုရား) အုဋ္ဌမြစ်က မခိုင်လျှင် အပေါ်မှခိုင်တဲ့ အဆောက်အဦး ဆောက်လို့ ရပါ့မလား....(မရပါဘုရား)။

သာသနာကို ကြည့်ပါလေ၊ ဦးပဥ္စင်းတို့နှင့် အတူတကွ ဦးပဥ္စင်းတို့ တကာ တကာမတွေ၊ နှစ်ပေါင်း ရေတွက်မယ် ဆိုလျှင် ၂၅၀၀ မကျော်ဘူးလား ကျော်ပြီလား....(ကျော်ပါပြီဘုရား) ပရိယတ္တိသာသနာအုဋ္ဌမြစ် ခိုင်ခဲ့လို့ ယနေ့ ဒီ သာသနာကြီးနှင့် ဦးပဥ္စင်းတို့နှင့်တကွ ဦးပဥ္စင်းတို့ တကာ တကာမတွေ ရှေး သူတော်ကောင်းကြီးတွေကို ကျေးဇူးဆပ်လို့ ကုန်နိုင်စရာ ရှိရဲ့လား....(မရှိပါဘုရား)။

သာသနာရဲ့ ကျေးဇူးသိတာလဲ တခြားကြောင့်လား ဆရာကောင်းနှင့် တွေ့လို့လား....(ဆရာကောင်းနှင့် တွေ့လို့ပါဘုရား) ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာနားလည်အောင် ဟောတတ်တဲ့ ဆရာကောင်းနှင့် တွေ့လို့သာ....(မှန်လှပါဘုရား) မတွေ့လျှင် ဟော ဒီမှာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ အကောင်းပြောမယ်—(မှန်လှပါ ဘုရား)။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ အကောင်းပြောတာက သာသနာတွင်းရောက်လို့ ပြောတာလား....(မဟုတ်ပါဘုရား) သာသနာတွင်းမရောက်သေးလို့ ပြောတာလား(သာသနာတွင်း.မရောက်

သေးလို့ ပြောတာပါဘုရား) ဘာသစ္စာလဲ (သမုဒယသစ္စာပါ ဘုရား)။

ဒီ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သမုဒယသစ္စာကောင်းကြောင်း ပြောလျှင် ဦးပဥ္စင်းတို့ တကာ တကာမတွေ စဉ်းစား ဘုရားက ကောင်းတယ်လို့ ပြောသလား....(မပြောပါဘုရား)။

ဒုက္ခ ပေးလေသမျှ တခြားလား သမုဒယသစ္စာကလား.... (သမုဒယသစ္စာကပါဘုရား) သမုဒယသစ္စာ ဒုက္ခပေးတဲ့ ဥစ္စာ ကောင်းတယ် ပြောကတဲက ဒုက္ခကော သူသိရဲလား .... (မသိ ပါဘုရား) မသိတာ ဘယ်သူတုန်း....(အဝိဇ္ဇာပါဘုရား)အဝိဇ္ဇာ ကိန်းတဲ့ ပုဂ္ဂိုလ်က ပြောတာ၊ အဝိဇ္ဇာ ပစ္စယာ....(သင်္ခါရာပါ ဘုရား) လုပ်ကောင်း၊ မလုပ်ကောင်း .... (မလုပ်ကောင်းပါ ဘုရား)မလုပ်ကောင်းတာ ဘာကပြသလဲ ဟောဒီ ပဋိစ္စသမုပ္ပါဒ် က မပြဘူးလား....(ပြပါတယ်ဘုရား)။

ဒါ လုပ်ကောင်းတာ မလုပ်ကောင်းတာ ပြောတာဘဲ-(မှန် လှပါဘုရား) သာသနာတွင်း ရောက်ပြီး သာသနာတွင်း အသိဉာဏ် ကိန်းလျှင် အဝိဇ္ဇာ သင်္ခါရာ လုပ်ကောင်း မလုပ် ကောင်း....(မလုပ်ကောင်းပါဘုရား)။

သာသနာတွင်း အသိဉာဏ် မကိန်းလျှင်တော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ကောင်းကြောင်း ပြောလိမ့်မယ်၊ ကောင်း ကြောင်းပြောလျှင်တော့ သမုဒယ သစ္စာ ကောင်းကြောင်း ပြောတဲ့အတွက် ဒုက္ခမရောက်ဘူးလား၊ ရောက်သလား(ရောက် မှာပါဘုရား)။

သမုဒယသစ္စာ ကောင်းကြောင်း ပြောရမှာလား၊ ဆိုးကြောင်း ပြောရမှာလား....(ဆိုးကြောင်းပြောရမှာပါဘုရား) ဆိုးလို့မို့ ဘုရားက ပယ်ရမယ်လို့ ဟောနေတာ၊ မပယ်တဲ့အပြင် ကောင်းကြောင်း ပြောနေတယ်ဆိုတော့ ကိုင်း သာသနာပြုတာလား၊ သာသနာ ဖျက်တာလား... (သာသနာ ဖျက်တာပါဘုရား)။

သာသနာတွင်းမှာ သာသနာဖျက်တဲ့ အသံတွေ လာလွန်းလို့ ဦးပဥ္စင်းက သာသနာပြုနေတယ်၊ ရှင်းရော ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

ရေရေလယ်လယ် နာငမ်းပါ၊ တကယ် အခြေက ကိုင်ပြီးတော့ သာသနာရဲ့ အနှစ်ကို ထုတ်ပေးနေတယ်၊ ဘာပြုလို့လဲ ဆိုတော့ ခင်ဗျားတို့က အို သေလွတ်ချင်တဲ့သူတွေကိုး၊ အိုမှုသေမှု ခင်ဗျားတို့က နောက်ထပ် လိုချင်သေးသလား....(မလိုချင်ပါဘုရား)။

အရှင်ဘုရား ဒီတခါတော့ မလွဲသာလို့ တွေ့ရတာ နောက်ထပ် ဘယ်တော့မှ မတွေ့ပါရစေနှင့်တော့ အိုမှုကင်းရာနိဗ္ဗာန်၊ သေမှုကင်းရာနိဗ္ဗာန် ဒီအထဲ မလိုချင်တဲ့ ပုဂ္ဂိုလ် ပါသေးသလား (မပါပါဘုရား)။

အမယ်....အသံတိုးသွားတယ်၊ မေးကြည့်လိုက်တော့ အသံတိုးသွားတယ်၊ အိုမှု သေမှုများ နောက်ထပ် လိုချင်သေးသလား....(မလိုချင်ပါဘုရား)။

နဲနဲတော့ မောအောင်လို့ အော်ခိုင်းရမယ်၊ ဒါမှ-နို့မို့လို ရှိရင် တယ်....သူတို့က အချောင်ခိုတယ်၊ ဘုန်းကြီးကျတော့ မရှေ

ရအောင် ပင့်တယ်၊ ပြီးတော့ သူတို့က အချောင်ခိုပြီး လိုချင်တယ်။

အဲဒီလို အချောင်ခိုလို့ကတော့ ခင်ဗျားတို့ သာသနာပ ရောက်သွားမယ်....(မှန်လှပါဘုရား) ရှင်းရော ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဒီတော့ ဒီ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာသည် ဦးပဥ္စင်းတို့နှင့် တကွ ဦးပဥ္စင်းတို့ တကာ တကာမတွေ သာသနာ့အရိပ် မခိုမိကြလို့ ဩဝါဒ-သာသနာ့ရဲ့ အဆုံးအမ မကိန်းခဲ့လို့ ဒီ သမုဒယ ကြိုးစားမိခဲ့လို့ ကိုင်း-ခု ကျုပ်တို့ ဘာသစ္စာကြီးနှင့် နေရသလဲ(ဒုက္ခသစ္စာကြီးနှင့် နေရပါတယ်ဘုရား)။

ဒါဟာ ဘုရားစကား နားထောင်လို့လား....(နားမထောင်လို့ပါဘုရား) နားမထောင်လို့ ထင်ရာ လုပ်တာ ဘယ်သူတုန်း နားမထောင်တာ .... (အဝိဇ္ဇာပါဘုရား) ထင်ရာ လုပ်တာက (သင်္ခါရပါဘုရား)။

ထင်ရာခိုင်းတာပေါ့ဗျာ အကန်းဆိုတာ သွားချင်ရာ သွားတော့တာပေါ့၊ ကျင်းမှန်း၊ ချိုင့်မှန်း၊ ချောက်မှန်း သိသေးရဲ့လား....(မသိပါဘုရား)။

ဟော....ဇာတိ ချောက်ထဲ ချော်မလဲသေးဘူးလား....(လဲပါတယ်ဘုရား) ဦးပဥ္စင်းတို့ တကာ တကာမတွေ လူချမ်းသာ ဘယ်က စလဲဆိုတော့ ဇာတိက စတယ်၊ ဇာတိဆိုတဲ့ အမိဝမ်းခေါင်းထဲ ကျင်ကြီးနှင့် အစာသစ်နှင့် အစာဟောင်းကြားထဲက စတာ ကိုင်း အဲဒီနေရာ ပြန်နေချင်သေးသလား....(မနေချင်တော့ပါဘုရား)။

မပြန်ချင်လျှင် ဒီအကန်းပျောက်မှ အဲဒီအကန်းမပျောက်လျှင် ပြန်ရမှာ ဇာတိဆိုတဲ့ ပဋိသန္ဓေ ပြန်နေရမှာလား၊ မနေရဘူးလား....(နေရမှာပါဘုရား) ရှင်းရော ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား ) ရှင်းတယ်၊ ရှင်းတယ်လုပ်တော့ ရှုပ်တယ်၊ ပြောတော့ ရှင်းတယ်၊ လုပ်တော့ ရှုပ်တယ်၊ (မှန်လှပါဘုရား)။

ဘာပြုလို့ ရှုပ်တယ်ဆိုတာ ခု မေးကြည့်ချင်တယ် ဆိုလိုတာက ဦးပဥ္စင်းတို့ တကာ တကာမတွေ ဒီခန္ဓာနှင့် နေရတာ ခင်ဗျားတို့ ပျင်းမုန်း ငြီးငွေ့နေသလား၊ ပျော်မွေ့နေသလား၊ (ပျော်မွေ့နေပါတယ်ဘုရား)။

အားလုံး ရိုးရိုးဖြေကြ၊ မိုးတွေ လေတွေ ပျက်ကုန်မယ်၊ ဒီခန္ဓာနှင့် နေရတာ ပျင်းမုန်းငြီးငွေ့နေသလား၊ ပျော်မွေ့နေသလား....(ပျော်နေပါတယ်ဘုရား) ပျော်တာ ဘယ်သူ့တုန်း (တဏှာပါဘုရား) ပျော်တာက တဏှာ၊ သာသနာမကိန်းခဲ့လို့ သာသနာတွင်း ပျော်ရမှာနှင့် မပျော်ဘဲ၊ ငါးပါးအာရုံ ကာမဂုဏ်နှင့် ပျော်တယ်။

## ကာမ တဏှာ၊ ဘဝ တဏှာ၊ ဝိဘဝ တဏှာ

တဏှာဆိုတာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ.... (မှန်လှပါဘုရား) ကာမတဏှာဆိုတာ ခုနက ပြောသလို ငါးပါးအာရုံ ကာမဂုဏ်နှင့် မပျော်ဘူးလား .... (ပျော်ပါတယ်ဘုရား)။

ဘဝတဏှာကလဲ ဒီသားတွေ ဒီသမီးတွေနှင့် သူတို့အရွယ်လေးရောက်မှ ငါ သေချင် သေပါစေ၊ ဒီကြားထဲ မသေချင်

ပါဘူးဆိုတာက ဦးဒွေးစိတ်ထဲ ရှိကောင်း ရှိမှာပေါ့၊ မောင်ခိုင် စိတ်ထဲလဲ ရှိကောင်း ရှိမှာဘဲ-(မှန်လှပါဘုရား) ရှိတယ်လို့တော့ သေချာပေါက်တော့ မပြောပါဘူး၊ ဘာပြုလို့လဲလို့ ဆိုတော့ ဆရာတော် တပည့်သား မြေးတွေ ဖြစ်နေတော့ ရှိကောင်း ရှိလိမ့်မယ်လို့ဘဲ ပြောရဲတယ်၊ ကေန် မပြောရဲဘူးပေါ့လေ၊ ရှင်း ရော ရှင်းရဲ့လား....(ရှင်းပါတယ် ဘုရား)။

အဲဒါ တခြားလား၊ သဿတ ဒိဋ္ဌိလား....(သဿတ ဒိဋ္ဌိပါ ဘုရား) သားက အဆင်မပြေ၊ သမီးက ထော်လော်ကန့်လန့်နှင့် စီးပွားရေးက မပြေလည်တော့၊ ကိုယ်ထင်တိုင်း မပေါက်တော့ မြန်မြန်သေ အေးပါတယ်၊ အဲဒါ ဘာဒိဋ္ဌိလဲ....(ဥစ္ဆေဒ ဒိဋ္ဌိပါ ဘုရား)။

ဒီ တော့ ဒီ တဏှာသုံးမျိုးဟာ မလာဘူးလား၊ လာသလား (လာပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ အိမ်မှာ သာသနာ လင်းအောင် လုပ်နေတာလား၊ သာသနာကွယ်အောင် လုပ်နေ တာလား....(ကွယ်အောင် မလုပ်ပါဘုရား)ကွယ်အောင် မလုပ် ဘူးသာ ပြောတယ် အိမ်မှာ ဘယ်သူ့ကို ပင့်ထားသလဲ ရဲရဲ ပြောပါ....(ဘုရားပင့်ထားပါတယ် ဘုရား)။

ပင့်တော့ ထားတယ်၊ ကိုယ်တော်ကြီး စကားတော့ နားမ ထောင်ဘူး၊ ဘုရားကွယ်ရာ နားမထောင်တာလား၊ ပင့်ပြီးမှ နားမထောင်တာလား-(ပင့်ပြီးမှ နားမထောင်တာပါ ဘုရား) တော်တော် ယဉ်ကျေးပါပေတယ်နော်၊ ယဉ်ကျေးတယ်ဘဲ ပြောရမှာပေါ့။

စဉ်းစား၊ စဉ်းစား၊ ဒီ တဏှာ တဏှာမတွေ့ လဲ့ပုံ ချော်ပုံ၊ အဲဒါ တခြားကြောင့်လား၊ ကိုယ့် ပဋိစ္စသမုပ္ပါဒ် မသိတဲ့ အပြစ်ကြောင့်လား....(ကိုယ့် ပဋိစ္စသမုပ္ပါဒ် မသိလို့ပါဘုရား)။

ကိုယ့် ပဋိစ္စသမုပ္ပါဒ် မသိတဲ့ အပြစ်သင့်တာ၊ အပြစ်သင့်မှန်း မသိဘူး၊ ဒီ ဒုက္ခနှင့် နေရတာ ဒုက္ခကျွတ်ကြောင်းသာ ကြိုးစားရမှာ၊ ခုတော့ ဒုက္ခနှင့် နေရတာ ပျော်တယ်ဆိုတော့ တော်တော်ခက်နေတယ်။

မေးကြည့်ချင်တယ်၊ ဒီ အထဲက တဏှာ တဏှာမတွေ့ ခုရှိတဲ့ စည်းစိမ်ဥစ္စာ၊ ရတနာထက် ဆယ်ဆတိုးတာနှင့် ခုရှိတဲ့ ဥစ္စာ ရတနာနှင့် ဘယ်ဒင်း ကြိုက်တုန်း....(ဆယ်ဆတိုးတာ ကြိုက်ပါတယ်ဘုရား) ဒီ အသံ နားထောင်ချင်တာဗျာ၊ ရှေးက မကြားဘူးလို့ပါ၊ ခုရှိတဲ့ စည်းစိမ် ရတနာနှင့် ဆယ်ဆတိုးတာ၊ ဘယ်ဒင်းကြိုက်တုန်း....(ဆယ်ဆတိုးတာ ကြိုက်ပါတယ်ဘုရား)နော် ဆယ်ဆတိုးလျှင်ကြိုက်တယ်။

ဒါဖြင့် ဒုက္ခနည်းတာနှင့် များတာ ဘယ်ဟာ ကြိုက်သလဲ....(ဒုက္ခနည်းတာ ကြိုက်ပါတယ်ဘုရား) အမယ် နည်းတာ ရွေးကြိုက်လိုက်သေးတယ်၊ လုံးလုံး မကြိုက်ဘူးလို့ မလာဘူး၊ ကြည့်ကြည့် အကုန်အငိုက်မိသွားပြီ၊ ဒါကြောင့် ဒီ ဘုန်းကြီး မပင့်နှင့်လို့ ပြောတာ၊ ခင်ဗျားတို့ အရှက်ကွဲမှာ။

ဘယ့်နှယ် ဒုက္ခနည်းတာ ကြိုက်တယ်ဆိုတော့ ခင်ဗျားတို့ ဝမ်းထဲ ဘယ်သူရှိသလဲ....(အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာဆိုတော့ ဘာခြားတရားလား၊ ကန်းတဲ့ တရားလား....(ကန်းတဲ့ တရားပါ

ဘုရား) ကန်းတဲ့အထဲ ဘယ်သူ လာသေးသလဲ .... (တဏှာပါ ပါသေးတယ် ဘုရား) တဏှာကလာတော့ အရှုး ပိုတာပေါ့၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာ သိလို့လား၊ မသိလို့လား..... (မသိလို့ပါဘုရား)။

ဒါဖြင့် အကန်းလဲ မပျောက်ဘူး၊ အရှုးလဲ မပျောက်ဘူး၊ ရဲရဲပြောလိုက်မယ်၊ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာသိမှသာ အကန်းလဲ ပျောက်မယ်၊ အရှုးလဲ ပျောက်မယ်....(မှန်လှပါဘုရား) အရှုး ပျောက်တယ်ဆိုတာက ဒိဋ္ဌိပြုတ်တာ....(မှန်လှပါဘုရား) ဘာ ပြုလို့လဲဆိုတော့ သစ္စာသိမြင် သွားတာကိုး- ရှင်းရောရှင်းရဲ့လား (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီ တဏှာရှိရှိလား၊ ဥပါဒါန် ဖြစ်သေးသလား..... (ဥပါဒါန် ဖြစ်ပါသေးတယ် ဘုရား) ကမ္မဘဝရော မလာဘူး လား....(လာပါတယ် ဘုရား) ဘာသစ္စာလဲ (သမုဒယ သစ္စာပါ ဘုရား) ဒုက္ခနှင့် သမုဒယ တွဲရလျှင် ခင်ဗျားတို့က ပွဲကြီး ပွဲကောင်းထင်တယ်၊ ဦးပဥ္စင်းတို့ တကာ-တကာမတွေ သားနှင့် သမီးနှင့် စီးပွားနှင့် ရတနာနှင့် သူတပါးပြည့်စုံတာ မြင်ရလျှင် သူတို့အဖြစ် တော်လှချည်ရဲ့လို့ မချီးကျူးဘူးလား....(ချီးကျူး ပါတယ်ဘုရား)။

ဒီ အဖြစ်မျိုးရော မရောက်ချင်ဘူးလား .... (ရောက်ချင်ပါ တယ်ဘုရား)ဩော်....ရောက်ချင်မှာပေါ့ နော်၊ ဘာမျက်လုံးနှင့် ကြည့်လို့လဲ....(တဏှာမျက်လုံးနှင့် ကြည့်လို့ပါဘုရား)ဘာသစ္စာ နှင့် မြင်တာလဲ....(သမုဒယသစ္စာနှင့် မြင်တာပါ ဘုရား) ဒါဖြင့် ခင်ဗျားတို့ အို သေ လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

မလွှတ်တာ ကြည့်ပါ၊ ကမ္မဘဝ ပစ္စယာ-(ဇာတိပါဘုရား) ဇာတိ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) ဇာတိရတဲ့ ပုဂ္ဂိုလ် ဇရာ မရဏ လွှတ်ပါ့မလား....(မလွှတ်ပါဘုရား) မလွှတ်လျှင် ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါ ဘုရား)။

ဘယ်မှာတုန်း ခင်ဗျားတို့မှာ သမုဒယနှင့် ဒုက္ခ၊ သမုဒယ နှင့် ဒုက္ခ၊ သမုဒယနှင့် ဒုက္ခ အဲဒါ သာသနာ အလင်းရတဲ့ လမ်း လား၊ ကွယ်တဲ့လမ်းလား....(ကွယ်တဲ့ လမ်းပါဘုရား) သစ္စာ နှစ်ပါး လည်နေတယ်၊ ဒါဖြင့် ဒီ အဝိဇ္ဇာချုပ်၊ သင်္ခါရချုပ်မှ သာ မဂ္ဂသစ္စာပေါ်မယ်၊ မဂ္ဂသစ္စာကိန်းမှ နိရောဓတွေ့မယ်။

ဩော်....ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံ၊ ချုပ်ပုံ သိမှ သစ္စာ သိမယ်၊ သစ္စာသိမှ လမ်းမှန်သွားမယ် .... ( မှန်လှပါဘုရား ) ဦးပဥ္စင်းတို့ တကာ တကာမတွေ စဉ်းစားပါ၊ လမ်းမှန်သွား တယ်ဆိုတာ သာသနာကိန်းတာ။

သာသနာမှာ တကယ်အစစ်တန်း ပြောလျှင် သီလ သာသ နာ၊ သမာဓိသာသနာ၊ ပညာသာသနာ ဆိုတာ မရှိဘူးလား.... (ရှိပါတယ်ဘုရား) သီလမဂ္ဂင် သုံးပါး၊ သမာဓိမဂ္ဂင် သုံးပါး ပညာမဂ္ဂင် နှစ်ပါးဆိုတာ မဂ္ဂင်ရှစ်ပါးဘဲ .... (မှန်လှပါဘုရား) ဒီ သာသနာဟာ အရေးကြီးတယ်၊ ဒီ မဂ္ဂင်ရှစ်ပါးပေါ်အောင် ဟောဒီ ပရိယတ္တိက ထိန်းထားတယ်....(မှန်လှပါဘုရား)။

သီလမဂ္ဂင် ဘယ်လိုစောင့်ရမယ်၊ သမာဓိမဂ္ဂင် ဘယ်လိုတည် အောင် လုပ်ရမယ်၊ ပညာမဂ္ဂင် ဘယ်လို ထိုးထွင်း သိရမယ်ဆို တာ ပရိယတ္တိက မပေးဘူးလား....(ပေးပါတယ်ဘုရား)။

အဲဒီ ပေးထားတဲ့ အတိုင်း ကျင့်တော့ ကိုယ့်ခန္ဓာမှာ အသိနှင့် အရှိကိုက်တော့ ပဋိပတ္တိဆိုတဲ့ သာသနာ ဟောဒီ လုပ်ငန်းကြီး မအောင်မြင်ဘူးလား....(အောင်မြင်ပါတယ်ဘုရား) အဲဒီလို အောင်မြင်သွားလျှင် ခင်ဗျားတို့ အလိုရှိတဲ့ ပဋိဝေဓဆိုတဲ့ နိဗ္ဗာန်နှင့် ဉာဏ်နှင့် မတွေ့ဘူးလား ...(တွေ့ပါတယ် ဘုရား)။

ဒါဖြင့် ဒီ ပရိယတ္တိ အားပေးလျှော့လို့ ဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား) မဖြစ်ဘူး၊ အကန်းပျောက်အောင် ကုနိုင်တဲ့ဆေး၊ အရူးပျောက်အောင် ကုနိုင်တဲ့ ဆေး ပရိယတ္တိမှာ ရှိတယ် (မှန်လှပါဘုရား)။ ။

သို့သော် ဆေးသာရှိပြီး မသောက်လျှင် ပျောက်ပါ့မလား (မပျောက်ပါဘုရား)ခင်ဗျားတို့က ပျောက်စေဆိုလျှင် ပျောက်တယ် ထင်တယ်နေဘ်၊ ပျောက်စေဆိုလျှင် .... (ပျောက်တယ် ထင်ပါတယ်ဘုရား)အဲဒါ သာသနာတွင်းသားက ယုံတာလား၊ သာသနာပရောက်လို့ ယုံတာလား....(သာသနာပ ရောက်လို့ ယုံတာပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပျောက်စေဆိုတာနှင့် ကိုယ်တိုင်သောက်တာ ဘယ်ဒင်း ကြိုက်သလဲ....(ကိုယ်တိုင်သောက်တာ ကြိုက်ပါတယ်ဘုရား) တနေ့ ဘယ်နှစ်ကြိမ် သောက်သလဲ....(သောက်ပါတယ်ဘုရား) ဟင်....ဒီလို လျှောက်လို့ မရဘူး၊ ခင်ဗျားတို့က ဘုန်းကြီး ကျေနပ်အောင်သာ လျှောက်နေတာ၊ အိမ်ကျလျှင် တနေ့ တကြိမ်တောင် လုပ်ချင်မှ လုပ်မှာ(လုပ်ပါတယ်ဘုရား)။

လုပ်ပါ၊ ရောဂါရှိမှန်းလဲ သိသွားနှင့် ရောဂါရှိမှန်းလဲ သိရမယ်၊ ဒါမှသာလျှင် ရောဂါသည်က ဆေးသောက်လျှင် ရောဂါ

မပျောက်ဘူးလား၊ ပျောက်မှာလား....(ပျောက်မှာပါဘုရား) ရောဂါရှိမှန်းလဲ မသိဘူး၊ ဆေးရှိမှန်းလဲ မသိဘူး၊ ဒီရောဂါ ပျောက်ပါ့မလား....(မပျောက်ပါဘုရား) ဟောဒါ ခင်ဗျားတို့ ကိုယ့် ရောဂါရှိမှန်း သိရဲ့လား....(သိပါတယ်ဘုရား)။

## သစ္စ ဉာဏ်၊ ကိစ္စ ဉာဏ်၊ ကတ ဉာဏ်

ဘာ သစ္စာနှင့် နေသလဲ-(ဒုက္ခ သစ္စာနှင့် နေပါတယ်ဘုရား) ဘာ သစ္စာ ကြိုးစားခဲ့လို့လဲ....(သမုဒယ သစ္စာ ကြိုးစားခဲ့လို့ပါ ဘုရား) အဲဒီလို သိလိုက်တဲ့ အခိုက်အတန့်မှာ ခင်ဗျားတို့မှာ မဂ္ဂ သစ္စာ အသိဉာဏ် ပေါ်၊ မပေါ် .... (ပေါ်ပါတယ်ဘုရား) အဲဒါ တခြားလား၊ သစ္စ ဉာဏ်လား....(သစ္စ ဉာဏ်ပါဘုရား)။

အမယ် ဘာဟောနေမှန်း မသိကြဘူး၊ ခင်ဗျားတို့ကို ရိစရာ ပြောနေတယ် ထင်နေတယ်၊ ဘယ်ဟုတ်မလဲ၊ သစ္စ ဉာဏ် ပေါ် အောင် ပြောနေတာ-(မှန်လှပါဘုရား) သစ္စ ဉာဏ် ဆိုတာ အရိယာ ဖြစ်ပြီးမှ သိတာလား၊ ပုထုဇဉ် ဘဝနှင့် သိတာလား.... (ပုထုဇဉ်ဘဝနှင့် သိတာပါ ဘုရား)။

ဩော်....ဒါ သစ္စ ဉာဏ်၊ ရှင်းနေတယ်နော်....(ရှင်းပါတယ် ဘုရား) ကိစ္စ ဉာဏ် ဆိုတာလဲ ပုထုဇဉ်ဘဝနှင့် သိတာလား၊ အရိယာဖြစ်ပြီးမှ သိတာလား .... (ပုထုဇဉ်ဘဝနှင့် သိတာပါ ဘုရား) ပုထုဇဉ်ဘဝနှင့် သိတာနော်....(မှန်လှပါဘုရား)။

ကိုင်း....ကတ ဉာဏ် ပုထုဇဉ်ဘဝနှင့် သိနိုင်တာလား၊ အရိ ယာဖြစ်ပြီးမှ သိတာလား .... (အရိယာ ဖြစ်ပြီးမှ သိတာပါ ဘုရား)။

သေသေချာချာ ခွဲပါ၊ သေသေချာချာ ခွဲပါ၊ ဒါ ရှင်းအောင် လင်းအောင် ပြောနေတာ....(မှန်လှပါဘုရား) သစ္စာဉာဏ်မှာ ကလျာဏ ပုထုဇဉ် ဖြစ်လျှင် သိနိုင်တယ်၊ အန္ဓ ပုထုဇဉ်ကတော့ ဘယ်သိမှာလဲ....(မှန်လှပါဘုရား) ဒါဖြင့် ခွဲဦးမှ မခွဲလျှင် မတော်ဘူး ဦးဒွေးရေ....(မှန်လှပါဘုရား)။

ပုထုဇဉ်ဆိုတာက လုံးပေါင်းပြောတာ၊ အန္ဓပုထုဇဉ်နှင့် ကလျာဏ ပုထုဇဉ်ရယ်လို့ ဘုရားက ပရိယတ်မှာ ပေးထားတာကိုး (မှန်လှပါဘုရား) မပေးဘူးလား၊ ပေးသလား....(ပေးထားပါတယ်ဘုရား)။

အန္ဓပုထုဇဉ်က သစ္စာဉာဏ် ရပါ့မလား....(မရနိုင်ပါဘုရား) ကလျာဏပုထုဇဉ်ဆိုလျှင် (ရနိုင်ပါတယ်ဘုရား) ကိစ္စဉာဏ်လဲ ကလျာဏပုထုဇဉ်ဖြစ်လျှင် မရဘူးလား၊ ရနိုင်သလား....(ရနိုင်ပါတယ်ဘုရား)။

"သုတ ဝါ အရိယ သာဝကော"

လို့ ဆိုထားတာဘဲ၊ အဲဒီပုဂ္ဂိုလ် အရိယာ ဖြစ်လျှင် သစ္စာဉာဏ် ကိစ္စဉာဏ် မရဘူးလား၊ ရနိုင်သလား....(ရနိုင်ပါတယ်ဘုရား) အဲဒီပုဂ္ဂိုလ် သောတာပန်တည်ပြီလား....(မတည်သေးပါဘုရား)။

မတည်သေးဘူး၊ ကလျာဏပုထုဇဉ်(မှန်လှပါဘုရား) ဟောကတဉာဏ်ဆိုတော့ ကိုယ်ကိစ္စပြီးတာ ကိုယ်မသိဘူးလား....(သိပါတယ်ဘုရား) ဒီကျတော့—

"နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယော"

ဆိုတော့ ကလျာဏပုထုဇဉ်လား၊ အရိယာ အစစ်ဖြစ်သွား

ပြီလား....(အရိယာအစစ်ဖြစ်သွားပါပြီဘုရား) ဒါဖြင့်အရိယာအစစ်ဖြစ်ဘို့ရာ ဒီသစ္စာဉာဏ်က မလာရဘူးလား....(လာရပါတယ်ဘုရား) ကိစ္စဉာဏ်ရော (လာရပါတယ်ဘုရား) ဒါမှသာလျှင် ကတဉာဏ်နှင့် ခင်ဗျားတို့ အလိုရှိတာ မရဘူးလား....(ရပါတယ်ဘုရား)။

ခင်ဗျားတို့က အိုသေလွတ်ချင်တယ် .... (မှန်လှပါဘုရား) အို သေလွတ်ဘို့ရာ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်မှသာ အိုသေလွတ်မှာ (မှန်လှပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာ ဝိဇ္ဇာဖြစ်အောင်ဆိုတော့ ဦးပဉ္ဇင်းတို့တကာတကာမတွေ "ဒုက္ခေ ဉာဏ်" ဆိုတာ တခြားလား၊ ဝိဇ္ဇာဖြစ်တာလား....(ဝိဇ္ဇာဖြစ်တာပါဘုရား) ဒုက္ခမသိတာက အဝိဇ္ဇာ၊ ဒုက္ခသိတာက ဦးဒွေး ဘာတုံးဗျ....(ဝိဇ္ဇာပါဘုရား)။

ဒုက္ခဆိုတာ ဘာကိုခေါ်သလဲ .... (ဆင်းရဲတာပါဘုရား) ဆင်းရဲတာ ဘယ်မှာ ရှိသလဲ .... (ခန္ဓာမှာ ရှိပါတယ်ဘုရား) ဒါကြောင့် ခန္ဓာဟာ ဒုက္ခသစ္စာ (မှန်လှပါဘုရား)။ ခန္ဓာဟာ ဘာဖြစ်လို့ ဒုက္ခသစ္စာဖွဲ့ရတာလဲ....(ဆင်းရဲလို့ ဒုက္ခသစ္စာဖွဲ့ရတာပါဘုရား)။

ဒီလို မလာနှင့် အနိစ္စ-ဒုက္ခ-အနတ္တ အိုသေပါနေလို့ ဒုက္ခသစ္စာ ဖွဲ့ရတာ (မှန်လှပါဘုရား) ခင်ဗျားတို့ကို စောစောက ပြောခဲ့ပြီလေ၊ ခင်ဗျားတို့က မေ့မေ့သွားတယ်၊ ဒီ ဘုန်းကြီး တရား နာချင်တဲ့ ဇောကများ....(မှန်ပါ)ဖြေရတာက အားမရ၊ နာရီက ဖြတ်လိုက်မလား....ဟာ၊ ဒီကြားထဲ သောကမရောက်နှင့်လေ၊ နာရီရှိ ရှိသလောက် ဒီဘုန်းကြီးဘဲ လဲလဲ၊ ခင်ဗျားတို့ဘဲလဲ

သဲပေါ့ဗျာ၊ ဟောကြတာပေါ့၊ မဟုတ်လား၊ အားပေးပြီး တော့ပေါ့ဗျာ၊ ကိုယ့်ကိုယ် အားပေးပြီးတော့ ဟောရမှာပေါ့... (မှန်ပါဘုရား)။

အေး....တကာ တကာမတွေ ရွှင်လဲ ရွှင်ကြရအောင် တရား ထဲလဲ စိတ်ပါဝင်စားအောင် ဦးပဉ္စင်းတို့မှာ အမျိုးမျိုး ဖန်တီး ရပါတယ်၊ စကျူ ဋ္ဌကြွေ ချပြီးတော့ မျက်လုံးမှိတ် ဟောရတာ အလွန်သက်သာပါတယ်....(မှန်ပါဘုရား)။

ခုတော့ ပရိသတ် အကဲခတ်ကြည့်ရတာက တမျိုး၊ ပဋိစ္စ သမုပ္ပါဒ် စက်ဝိုင်း ထောက်ရတာကတမျိုး၊ စိတ်ရွှင်ပြအောင် လုပ်ရတာကတဖုံ၊ ဒီတော့ တချို့က ပြောတယ်၊ ဩော်-မိုးကုတ် တရား ဟောတာ နာတာတော့ ကောင်းပါတယ်၊ ဘုန်းကြီး မြင်ရတာ ဋ္ဌကြွေကလဲ မရှိ၊ သိက္ခာကလဲမရှိနှင့် ဩော်-ဒီလိုဆို မျက်လုံးစုံ မှိတ်ပြီးတော့ ဟောလျှင်လဲ သူတို့က ဘာပြောမလဲ သူတို့ စိတ်ဝင်စားတယ်၊ မဝင်စားဘူး ဆိုတာလဲ မသိဘူး၊ တောက်လျှောက် ဟောနေတော့တာဘဲ။

## တရားဟောနည်း

တရားနာတယ်ဆိုတာ ဟောတဲ့ ပုဂ္ဂိုလ်က နာတဲ့ပုဂ္ဂိုလ်ကို သိပါစေဆိုတဲ့ စိတ်ထားနှင့် ဟောရမယ်....(မှန်လှပါဘုရား) မြတ်စွာဘုရားကိုက ဓမ္မကထိကစည်းကမ်းမှာ (၁) နာနိုင်ပါ စေဆိုတဲ့ စည်းကမ်းနှင့် မထားခဲ့ဘူးလား....(ထားခဲ့ပါတယ် ဘုရား)။

နာနိုင်ပါစေဆိုတော့ ဩော်-သူတို့ နာနိုင်တယ်၊ မနာနိုင်ဘူး၊ စိတ်ဝင်စားတယ်၊ မဝင်စားဘူး ဆိုတာကတော့ မျက်လုံးမှိတ်နေတော့ အဘိညာဉ်က မရတော့ မသိနိုင်ဘူး၊ ဖွင့်ကြည့်တာတောင် အကုန် မြင်တာမှ မဟုတ်ဘဲ .... ( မှန်လှပါဘုရား) ရှင်းရော ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဒီခွက်ကိုင်တာ တုတ်ထောက်တာလဲ ပြောဦးမှ နို့မို့လျှင် တချို့က တုတ်ထောက်တာဘဲ ကြီးကြီးကျယ်ကျယ်ပြောချင်သေးတယ်၊ ခွက်ကိုင်တော့လဲ ကြီးကြီးကျယ်ကျယ်ပြောတယ်၊ ပရိတ်သတ်နှင့် ရှင်အောင် ပြောတော့ အဓိပ္ပာယ်လေး ဘာများဖြစ်နေတယ် မသိဘူး၊ ခက်တာ၊ ခက်တာ....

ခုနက ပြောသလို ဒီတခါ မျက်လုံးမှိတ်ပြီး ဟောပြန်တော့ ကေဂ္ဂတာကျပြီး သူတို့လဲ အိပ်ရော၊ ဘုန်းကြီးလဲ ဟိုက်သွားရော၊ တရားပွဲပြီးလို့ ပြန်သွားတော့ ဘာဟောလိုက်တုန်း မေးလိုက်တော့၊ မသိဘူးလေ၊ ပြီးတော့ သာဓုခေါ်ပြန်ခဲ့တယ်၊ ဒီလိုဘယ်ဖြစ်မလဲ၊ ရှင်းရော ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

အေး....ဒါကြောင့် ဆရာတော်ကြီးကိုယ်တိုင် သက်တော်ထင်ရှား ရှိစဉ်က သူကိုယ်တိုင်လဲ တုတ်ထောက်သွားပါတယ်၊ (မှန်လှပါဘုရား)သူကိုယ်တိုင်လဲ ခွက်ကိုင်သွားပါတယ် ...(မှန်လှပါဘုရား) ဦးပဥ္စင်းတို့ လက်ထက်ကျမှ ထွင်တာ မဟုတ်ပါဘူး....(မှန်လှပါဘုရား) ရှင်းရဲ့လား-(ရှင်းပါတယ်ဘုရား)။

အေး....(၁) နာနိုင်ပါစေ၊ (၂) နာတဲ့အတိုင်း သိပါစေ၊ (၃) သိတဲ့အတိုင်း ကျင့်ကြံကြိုးစား၍ ကိုယ့်ဒုက္ခကိုယ်သိမ်းနိုင်ပါစေ၊ (မှန်လှပါဘုရား) ဒီရည်ရွယ်ချက်နှင့် ဟော

ရမယ်ဆိုတော့ ခင်ဗျားတို့ အကဲခတ် မဟောလျှင် ဘယ့်နှယ် လုပ်မလဲ (မှန်လှပါဘုရား) ဒါ့ကြောင့် အကဲခတ် ဟောရတာ ပါ....(မှန်လှပါဘုရား)။

ဒီလို ဟောတော့ ကျီးကန်းတောင်းမှောက်တာထက် ဆိုး သေးတယ်၊ ဟိုဒေါင့်ကြည့်၊ ဟိုဒေါင့်က ငြိမ်နေလျှင် ဆူ အောင် လုပ်ပေးရတယ်၊ ဒီ ဒေါင့်ကြည့် ဒီ ဒေါင့်က ဆူနေ နှိမ် သွားလိုက်ရတယ်၊ ဒီလိုလုပ် ဟောရတဲ့ တရားပါ၊ မလွယ်ပါ ဘူး၊ ဒါကြောင့် မိုးကုတ်တရားဟာ နာတော့လွယ်တယ်၊ ဟော တော့ ခက်တယ်လို့ တချို့ ဆရာတော်တွေ ငြီးသွားရှာတယ်.... (မှန်လှပါဘုရား)။

ဦးပဥ္စင်းတို့ ရိပ်သာကြီးမှာပေါ့ဗျာ၊ တကယ်ကိုဘဲ ဦးပဥ္စင်း တို့က အသက်ကြီးကာမှ သာသနာ့ကြည်ညိုပြီး ဝင်လာတဲ့ ပုဂ္ဂိုလ်တွေ ဆိုတော့ ပရိယတ္တိမှာ ချို့ယွင်းချက် တွေ့ရှိပါတယ်၊ ဦးပဥ္စင်းတို့ ဝန်ခံပါတယ်၊ မှားလျှင် ပြင်ပေးကြပါလို့ ဦးပဥ္စင်း တို့က တောင်းပန်ပါတယ်....(မှန်လှပါဘုရား)။

အေး....တကယ် ပရိယတ္တိ ပြည့်စုံတဲ့ သက်ျသီဟ ဓမ္မာစရိယ အောင်ပြီးသားတွေ၊ အစိုးရ ဓမ္မာစရိယ အောင်ပြီးသားတွေ၊ စေတိယင်္ဂဏ ဓမ္မာစရိယ စာမေးပွဲ အောင်ပြီးသားတွေ အဲဒီ ပုဂ္ဂိုလ်ကြီးတွေ တရားဝင်ပြီးတော့ တကယ်တန်း ဦးပဥ္စင်းတို့နှင့် တရားဆွေးနွေးတဲ့ အခါကျတော့ "ကိုယ်တော် စာမသင်ဘူး ပေမဲ့ ကိုယ်တော်တတ်နေပါပြီ၊ ကြိုးစားဟောပါတဲ့"။

ဘုန်းဘုရားများက အားပေးကြရှာတယ်၊ သို့ပေမယ့် ကိုယ် ဘိုင်က ဘုန်းဘုရားများ အားပေးသလောက် မဟောရဲဘူး၊

ဘာပြုလို့လဲ ဆိုတော့ ကြောက်ရတာကိုး၊ ကြောက်ရပါတယ် နော်။

ဦးပဥ္စင်းတို့ မန္တလေးမှာ တရားသွားဟောစဉ်က တိပိဋက ဓရ၊ ယခုတော့ အဂ္ဂမဟာပဏ္ဍိတ ဖြစ်သွားတဲ့ တိပိဋကဓရ မင်း ကွန်းဆရာတော်ဘုရားကြီးကို သွားပြီးတော့ ပူဇော်ပါတယ်၊ ဆရာတော်ဘုရားရဲ့ သန္တာန်မှာ ကိန်းတဲ့ မဂ္ဂင်တရားတွေ ပူဇော် တာပေါ့ဗျာ....(မှန်လှပါဘုရား)။

ဘာ့ပြုလို့လဲဆိုတော့ သာသနာကြီးကို တကယ့်အခြေအမြစ် ဘာစပြီး ဦးပဥ္စင်းတို့ ခေတ်၊ ဦးပဥ္စင်းတို့ တကာ တကာမတွေ ခေတ်မှာ ပိဋကတ် သုံးပုံဆောင် ပေါ်လာတယ်ဆိုတာ အတော် အံ့သြစရာဘဲ....(မှန်လှပါဘုရား) အံ့အားလဲ သင့်စရာကြီးဘဲ.... (မှန်လှပါဘုရား) ကိုယ်တိုင် ပရိတ်ကြီး ဆယ့်တစ်သုတ် ကျက် ကြည့်စမ်းပါ၊ ဟိုမှာ (၈၄၀၀၀) ဓမ္မက္ခန္ဓာတွေ ကျက်ရတယ် ဆိုတော့ လွယ်တာမှ မဟုတ်ဘဲ။

အဲဒီ ပုဂ္ဂိုလ်ကြီးထံသွားပြီး ပူဇော်ကန်တော့တဲ့ အခါမှာ အမိန့်ရှိလိုက်ပါတယ်၊ ဘယ်လို အမိန့်ရှိလိုက်သလဲ ဆိုတော့၊ ဦးပဥ္စင်းတရားပွဲက မန္တလေးမှာ ပရိသတ်စည်ကားတာ တွေ့ သွားလို့ ကိုယ်တော်ကြီးဟာ အလှူတခုရဲ့ အောင်ပွဲမှာ သွားပြီး ချီးမြှင့်ရင်း....

“ဟာ၊ ပရိသတ် စည်ကားလှချည့်လား ကွ၊ ဘယ်က ဓမ္မကထိ ကများ ဟောနေသလဲ”

“ရန်ကုန်မြို့ မိုးကုတ်အဖွဲ့ချုပ်က ဦးဓမ္မသာရ လာပြီး တရား ချီးမြှင့်ပါတယ်”

"ဪ....ဝမ်းမြောက်လိုက်တာကွာ၊ မိုးကုတ် ဆရာတော်ဘုရားကြီး ဦးဝိမလ ပျံလွန်တော်မူပြီးကထဲက ဒီပရိသတ်မျိုး မတွေ့ရတာဟော့၊ ခုမှ တွေ့ရတယ်၊ တပြုရှိတာဘဲ"

"မှန်လှပါဘုရား"

"ပရိသတ် ငါးထောင် ခြောက်ထောင်လောက် ရှိတယ်။"

"မှန်လှပါဘုရား။"

ဒါ ဦးပဥ္ဇင်းက ဂုဏ်ယူချင်လို့ ပြောတာမဟုတ်ဘူး၊ ဆရာတော်ကြီးရဲ့ ကျေးဇူးတော်တွေဟာ ဆရာတော်ကြီး အသက်ထင်ရှား မရှိပေမယ့် ဆရာတော်တွေသာဆိုလျှင် လူတွေဟာ အငန်းမရ ဖြစ်နေကြတယ် ... (မှန်လှပါဘုရား) ဘာပြုလို့လဲ ဆိုလျှင် ဆရာတော် တရားတွေက ရှင်းလဲရှင်းတယ်၊ နားလဲ လယ်လွယ်တဲ့ဆိုတဲ့ သဘောပေါ့ဗျာ....(မှန်လှပါဘုရား)။

ဒီအထဲ ရဟန်းတွေမျှသာ ဟောတာ အားမရလို့ ဦးလှဖေတို့ ဦးကျော်စိန်တို့၊ ဦးခိုင်တို့၊ ဦးကန်စိန် အငရှိတဲ့ လူပုဂ္ဂိုလ်တွေ ဝင်ရောက်ပြီး အဖွဲ့ချုပ်မှာ သာသနာပြုကြရတယ်၊ လူပုဂ္ဂိုလ်တွေ ဟောလဲ နာချင်ကြတာဘဲ-(မှန်လှပါဘုရား) အဲဒီလောက် ပရိသတ်က လိုလားတောင့်တမှု ရှိ၊ မရှိ။ (ရှိပါတယ်ဘုရား)။

ဦးပဥ္ဇင်းတို့ သွားရောက်ပြီး မန္တလေးမှာ ချီးမြှင့်တဲ့အခါ ပညာရှိတွေကလဲ အလွန်ပေါ၊ ပရိယတ္တိမြို့တော်ကြီးကလဲ ဖြစ်နေတော့ တိပိဋကရေ မင်းကွန်းဆရာတော်ဘုရားကြီး ဩဝါဒ ပေးလိုက်တာက—"ဦးပဥ္ဇင်းတို့အနေနှင့် မင်းကွန်းဆရာတော်ဘုရားက သူ့ကိုယ်သူ "ဦးပဥ္ဇင်း" လို့ အမြဲပြောတယ်။

ဦးပဥ္ဇင်းတို့အနေနှင့် ပြောရလျှင် မိုးကုတ်ဆရာတော်ကြီး ဟောသွားတာက မြန်မာပြန် ရှင်းရှင်းနှင့် ဟောသွားပြီး သော်လဲ ပါဠိတော် အဋ္ဌကထာကို လိုချင်ပါတယ်ဆိုလျှင် ဦး ပဥ္ဇင်းဆီကို ညွှန်းလိုက်ပါ''....တဲ့။ ဒါလောက်အထိ တိပိဋက ဓရ ဆရာတော်က ထောက်ခံချက် ပေးလိုက်တယ်....(မှန်လှပါ ဘုရား)။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီး ဆုံးမသွားဟဲ့ တရားတော် မြတ်တွေဟာ၊ ပိဋက သုံး ပုံနှင့်အညီ စည်းကမ်းတကျ ပရိယတ္တိကို ပိုင်ပိုင်နိုင်နိုင် ထိုးထိုး ထွင်းထွင်း သိသလို ပဋိပတ်မှာလဲ ခရီးရောက်သွားတဲ့ ပုဂ္ဂိုလ် ကြီးဆိုတာ တပြည်လုံးက ထောက်ခံချက် မပေးဘူးလား.... ပေးသလား....(ပေးပါတယ်ဘုရား)။

အေး ...ဒီတော့ မင်းကွန်းဆရာတော် ဘုရားကြီးက ဦးပဥ္ဇင်း ကို ဩဝါဒ ပေးရမယ်ဆိုလျှင်တဲ့၊ ဦးပဥ္ဇင်းတို့ ဟောတဲ့အခါ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယ ကျကျ ဟောပါလို့ ဆုံးမတယ်နော် .... (မှန်လှပါဘုရား)။ အဲဒါကြောင့် မိုးကုတ် ဆရာတော် ဘုရားကြီးရဲ့ ဥပနိဿယ ကျကျ အပိုအလိုမရှိ၊ တိကျ နိုင်သလောက် တိကျအောင် ဆရာတော်ကြီးရဲ့ ဥပနိဿယယူပြီး ရှင်းလင်းနေတယ်လို့ ယူဆကြပါနော် ...(မှန်လှပါဘုရား)။ ဒါ ကတော့ ဗဟုသုတအဖြစ် ပြောလိုက်တာပါ။

လိုရင်းကတော့ ဦးပဥ္ဇင်းတို့ တကာ တကာမတွေ အိုသေ လွတ်ဘို့ရာ ဘယ်တရား ကိန်းမှ အိုသေ လွတ်မှာလဲ ... (မဂ္ဂင် တရား ကိန်းမှ အိုသေလွတ်မှာပါဘုရား )။ မဂ္ဂင် တရားနော်....

စောစောက ပြောတဲ့ မဂ္ဂင်ပေါ့ဗျာ....(မှန်လှပါဘုရား)။ မဂ္ဂင်ဆိုတာ အလိုလို ပေါ်မှာလား၊ ခန္ဓာဉာဏ်စိုက်မှ ပေါ်မှာလား (ခန္ဓာဉာဏ်စိုက်မှ ပေါ်မှာပါဘုရား)။

ခန္ဓာဉာဏ် မစိုက်ဘဲနှင့် မဂ္ဂင်ဟာ ပေါ်ဟဲ့ဆိုလို့ပေါ်ရဲ့လား၊ ပေါ်ရိုး ထုံးစံမရှိဘူး .. (မှန်လှပါဘုရား)။ ဒါဖြင့် မဂ္ဂင်ပေါ်အောင် ဦးပဉ္စင်းတို့ တကာ တကာမတွေ ခန္ဓာဉာဏ်စိုက်ရမယ်ဆိုတော့ ခန္ဓာမှ မသိတဲ့ပုဂ္ဂိုလ် ဘယ့်နှယ်လုပ် ဉာဏ်စိုက်မလဲ.... (မှန်လှပါဘုရား)။

## ခန္ဓာဟောတရား

ခန္ဓာဆိုတာ သုံးဆယ့်ငါး လေးဆယ်လုံးရပ် သဏ္ဍာန်ပုံဟန်နိမိတ်အလေးချိန် ရှိတာချည်းကို ခန္ဓာလို့ အများက ယူနေတယ် (မှန်လှပါဘုရား)။

အမှန်ကတော့ ဘုရားရဲ့အလိုသိသွားတဲ့ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး ဆုံးမသွားတာက ဘုရားအောက် တယောက်လို့ ပညာအရာတေဒဂ်ရတဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ခန္ဓာသိချင်လျှင်ကွာတဲ့....

"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ သော ဓမ္မံ ပဿတိ"

လို့ မဟောဘူးလား(ဟောပါတယ်ဘုရား)။ခန္ဓာသိ၊ခန္ဓာသိဆိုတာ ပဋိစ္စသမုပ္ပါဒ် သိမှ ခန္ဓာ သိတယ်ဟေ့၊ ပဋိစ္စသမုပ္ပါဒ် မသိလျှင် ခန္ဓာမသိပါဘူးလို့ တသခၤျေနှင့် ကမ္ဘာတသိန်း ကျင့်သွားတဲ့ဘုရားအောက်တယောက် ပညာအရာတေဒဂ်ရတဲ့ အရှင်သာရိပုတ္တရာကြီးက အမိန့်မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ဦးပဥ္စင်းတို့ တကာ တကာမတွေ ခန္ဓာသိချင်လျှင် ပဋိစ္စသမုပ္ပါဒ် သိရမယ်ဆိုတော့ စဉ်းစားပါ၊ ခန္ဓာမသိလျှင် ဒုက္ခသစ္စာ သိပါ့မလား—(မသိပါဘုရား)။ ဒုက္ခသစ္စာ မသိလျှင် မဂ္ဂသစ္စာပေါ်ပါ့မလား (မပေါ်ပါဘုရား)။ မဂ္ဂသစ္စာမပေါ် သရွေ့ ဒီအဝိဇ္ဇာဟာ ဝိဇ္ဇာဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

ကြည့် ...တယ်အရေး ကြီးပါလား....(ကြီးပါတယ်ဘုရား) ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်သစ္စာ အရေးကြီးပုံကို သာသနာ့ရဲ့ အခြေ အမြစ်ကို မှတည်ပြီးတော့ ဦးပဥ္စင်းတို့ တကာ တကာမတွေကို ကျေးဇူးဆပ်နေတယ်....(မှန်လှပါဘုရား)။

ရှင်းအောင် နာပါ၊ ပဋိစ္စသမုပ္ပါဒ် ခန္ဓာဆိုတော့ ခုန ဘုန်းက ပြောသလိုဘဲ ပဋိစ္စသမုပ္ပါဒ်အကြောင်းတရားက ပူပြင် သို့ပေါ်တဲ့ ခန္ဓာဆိုတာ ဦးပဥ္စင်းတို့ တကာ တကာမတွေ လုံး ပေါင်းပြီး ပြောတာ။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဒီကိလေသ ဝဋ္ဋ် ကမ္မဝဋ္ဋ် သမုဒယ သစ္စာကြောင့် ဒီခန္ဓာငါးပါး ဖြစ်တယ် ဆိုတော့ ခုရတဲ့ ခန္ဓာငါးပါးဟာ မိုးပေါ်ကျလား၊ အဝိဇ္ဇာ- သင်္ခါရကြောင့် ဖြင်တာလား .... (အဝိဇ္ဇာ-သင်္ခါရကြောင့်ပါ ဘုရား)။

တနည်းအားဖြင့် ဒီကိလေသဝဋ္ဋ်၊ ကမ္မဝဋ္ဋ်ကြောင့် ဖြစ်တယ် လို့ရော မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။ နောက်ဆုံး ဘာသစ္စာလဲ-(သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာကြောင့် ဖြစ်တယ်၊ ဒီလို ရှင်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ်ပေါ်မှာ ညက် ရှင်းတဲ့အတွက် ဝိစိကိစ္ဆာ သေ၊ မသေ-(သေပါတယ်ဘုရား)။

ဒီအကြောင်းတရားထဲမှာမှ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ မရှိဘဲနှင့် ဓမ္မသဘောတွေသာ ရှိတာ သိလို့ သူက ကျေးဇူးပြုလို့ ပေါ်လာတဲ့ ခန္ဓာငါးပါးထဲမှာ ပုဂ္ဂိုလ် သတ္တဝါ ရှိရဲ့လား.... (မရှိပါဘုရား)။ ပုဂ္ဂိုလ် သတ္တဝါ မရှိလျှင်တော့ ခန္ဓာငါးပါး ဓမ္မမှတပါး၊ ဒုက္ခသစ္စာမှ တပါး ရှိသေးရဲ့လား .... ( မရှိပါ ဘုရား)။

ဒီတော့ ဖြစ်စေတဲ့အကြောင်းထဲမှာမှ ပုဂ္ဂိုလ်သတ္တဝါ မရှိဘဲ ဖြစ်ပေါ်လာတဲ့ အကျိုးတရားထဲမှာ ပုဂ္ဂိုလ် သတ္တဝါ ရှိနိုင်ပါ့မလား....(မရှိနိုင်ပါဘုရား)။

ဒါဖြင့် အကြောင်း သိမ်းဆည်းပြီးတော့ အကျိုးပေါ်မှာ မှန်မှန်ကန်ကန် ဉာဏ်ထဲ ရှင်းသွားလျှင် မိစ္ဆာဒိဋ္ဌိ ပျောက်ပြီးတော့ သမ္မာဒိဋ္ဌိ မရောက်ဘူးလား....(ရောက်ပါတယ် ဘုရား)။

သက္ကာယ ဒိဋ္ဌိချုပ်ပြီးတော့ သမ္မာဒိဋ္ဌိ မကိန်းဘူးလား.... (ကိန်းပါတယ်ဘုရား)။ လုံးပေါင်းပြီးတော့အတိတ်အကြောင်း နှင့် ပစ္စုပ္ပန်အကျိုး သိလိုက်တယ်....(မှန်လှပါ ဘုရား)။

ကိုင်း....အတိတ် အကြောင်းတရားသည် ပစ္စုပ္ပန် အကျိုး တရားထဲကို အထည်သဘောနှင့် ရောလိုက်ကဲ့လား-(မလိုက်ပါ ဘုရား)။ ဒီလို မလိုက်တာ သိလိုက်တော့လဲ သဿတ ဒိဋ္ဌိ သေ၊ မသေ....(သေပါတယ် ဘုရား)။

ကြည့်စမ်း၊ ဦးပဥ္စင်းတို့ တကာ တကာမတွေ စောစောက ရှင်ပြအောင် ပြောပြီးတော့ ခုတော့ တရားသား ပြောလာပြီး လေးလေး စားစား မှတ်ပါ၊ ဒီ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာသိလိုက်တဲ့

အတွက် အမှားအယူတွေ ပျောက်ပြီး အမှန်သိ မကိန်းဘူးလား (ကိန်းပါတယ်ဘုရား)။

ဒီ ပဋိစ္စသမုပ္ပါဒ်၊ သမုဒယသစ္စာ အကြောင်းတရားပေါ်မှာ ဉာဏ်ရှင်းတော့ ဝိစိကိစ္ဆာသေတယ်၊ ဖြစ်ပေါ်လာတဲ့ အကျိုး ဒုက္ခသစ္စာထဲမှာ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတော့ သက္ကာယ ဒိဋ္ဌိ ပြုတ်၊ မပြုတ်....(ပြုတ်ပါတယ် ဘုရား)။

ဒီ အကြောင်း သမုဒယသစ္စာသည် အကျိုးဒုက္ခသစ္စာထဲ အထည်သဘောနှင့် လိုက်ရဲ့လား(မလိုက်ပါဘုရား)မလိုက်တာ သိတော့ သဿတ ဒိဋ္ဌိ မစင်ဘူးလား .... (စင်ပါတယ် ဘုရား) ဟောဒီ သမုဒယအကြောင်းသတ္တိက ကျေးဇူးပြုလို့ ဟောဒီမှာ ဒုက္ခသစ္စာ အကျိုးတရား ပေါ်ရတယ်လို့ အကြောင်း အကျိုး ဆက် သိလိုက်တော့လဲ ဥစ္ဆေဒ ဒိဋ္ဌိ စင်၊ မစင် .... (စင်ပါတယ် ဘုရား)။

ဒါ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာနားလည်တဲ့ အတွက်၊ ဘုရား အယူ လက်မခံတဲ့ ဒိဋ္ဌိကို ပယ်နေတာ (မှန်လှပါဘုရား)။ ဘုရား ရဲ့ အဆုံးအမ၊ သာသနာရဲ့ အဆုံးအမ ပယ်နေတယ် ဆိုတာ တခြားလား၊ ဒိဋ္ဌိလား....(ဒိဋ္ဌိပါဘုရား)။ ဒိဋ္ဌိရှိလို့ ဘုရားအယူ လက်မခံတာ။

ဘုရားအယူ လက်ခံချင်ရင် ဦးပဥ္စင်းတို့ တကာ တကာမ တွေ တခြားကို ပယ်ရမှာလား၊ ဒိဋ္ဌိကို ပယ်ရမှာလား....(ဒိဋ္ဌိကို ပယ်ရမှာပါ ဘုရား)။ အဲဒါ တခြားလား အသိဉာဏ်နှင့် ပယ် တာလား....(အသိဉာဏ်နှင့် ပယ်တာပါ ဘုရား)။

ကိုင်း .... အသိဉာဏ်နှင့် ပယ်ပုံ ပြောဦးမယ်၊ ဒါက အတိတ် အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး၊ ဒီ ပစ္စုပ္ပန်တည့်တည့်မှာ စော စောက ပြောသလိုဘဲ၊ ရှင်သာရိပုတ္တာရာကြီးက ခန္ဓာသိချင်လျှင် ကွာ....

"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ"

လို့ အမိန့်မရှိဘူးလား၊ ရှိသလား....(ရှိပါတယ် ဘုရား)။

ကိုင်း... ဦးပဉ္ဇင်းက တရားဟောနေတော့ အသံရုပ် ရှိ၊ မရှိ (ရှိပါတယ် ဘုရား) ခင်ဗျားတို့မှာလဲ နားအကြည်ရုပ် ရှိ၊ မရှိ (ရှိပါတယ် ဘုရား) အသံကလဲ ရုပ်တရားနော် .... (မှန်လှပါ ဘုရား) ဦးပဉ္ဇင်းတို့ တကာ တကာမတွေက နားလည်ပြီးသား မို့ ရုပ်နာမ် ကွဲပြီးသား ပုဂ္ဂိုလ်တွေဆိုပြီး ဦးပဉ္ဇင်း အထူး မခွဲ တော့ပါဘူး....(မှန်လှပါ ဘုရား) ဟောဒီ အသံက ရုပ်တရား နားအကြည်က ရုပ်တရား၊ ကြားတဲ့ စိတ်ကလေးကရော....(နာမ် တရားပါ ဘုရား)ဒါ ရုပ်နာမ်ပေါ့ဗျာ၊ အသံက ရုပ်တရား၊နား အကြည်က ရုပ်တရား၊ ကဲ-ဒီနှစ်ခု အကြောင်း တိုက်ဆိုင်တဲ့ အခါမှာ ဟောဒီ ကြားတဲ့စိတ်ကလေး မပေါ်ဘူးလား(ပေါ် ပါတယ်ဘုရား)ကြားတာသာ ပေါ်သလား၊ ဒီ ဘက်က စေတ သိက်ဆိုတဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရ မပေါ်ဘူးလား၊ ပေါ်သ လား....(ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် ကြားတာ တခြားလား၊ ခန္ဓာ ငါးပါး ပေါ်တာ လား....(ခန္ဓာငါးပါး ပေါ်တာပါ ဘုရား) ဓမ္မာရုံအပြင်ဘက် က ခန္ဓာ မလိုချင်ဘူး၊ အခုပြောလို့ အခုကြားတဲ့ ခန္ဓာ၊ ပစ္စုပ္ပန် ခန္ဓာ၊ အတိတ်ခန္ဓာကလဲ လက္ခဏာမှ မရှိဘဲ၊ အနာဂါတ် ခန္ဓာ လဲ ကျုပ်တို့လက္ခဏာ ရှာလို့မရဘူး၊ပစ္စုပ္ပန်တည့်တည့် ချိန်သား

ကိုက် မေးစခန္ဓာလိုချင်တယ်....(မှန်လှပါ ဘုရား) ခု အသံနှင့် နား တိုက်တဲ့အချိန်မှာ ဘာစိတ်ပေါ်သလဲ....(ကြားစိတ် ပေါ် ပါတယ် ဘုရား)။

အဲဒီ ခန္ဓာ လိုချင်တယ်၊ ဒီ ခန္ဓာ သိစေချင်တယ်၊ ဒီ တော့ ဒီ အကြောင်းတရား နှစ်ပါး မစုံဘဲနှင့် ဒီ အကျိုးတရား ဖြစ် ရှိလား(မဖြစ်ပါ ဘုရား)။ ဒီ အကြောင်း နှစ်ပါးသည် ပဋိစ္စ+ ဒီ အကျိုးတရားသည် သမုပ္ပါဒ်၊ ဒါဖြင့် ကြားတာလေးသည် တခြားလား၊ ပဋိစ္စသမုပ္ပါဒ် ခန္ဓာလား....(ပဋိစ္စသမုပ္ပါဒ် ခန္ဓာ ပါ ဘုရား)။

ဒါဖြင့် ရှင်သာရိပုတ္တရာက ဟောတဲ့ ပဋိစ္စသမုပ္ပါဒ်သိမှ ခန္ဓာစစ် သိမယ်ဆိုတာဟာ ကြားတဲ့အခိုက် အခြားပေါ်တာ လား၊ ခန္ဓာ ပေါ်တာလား....(ခန္ဓာပေါ်တာပါ ဘုရား)။

ဒီ ကနားနှင့် အသံကအကြောင်း+ကြားတဲ့စိတ်ကလေးက အကျိုး၊ ပါဠိလိုပြောတော့ အကြောင်းက ပဋိစ္စ+(အကျိုးက သမုပ္ပါဒ်ပါ ဘုရား)။ဒါဖြင့် ခုနက ပဋိစ္စအကြောင်းကြောင့်+ သမုပ္ပါဒ်အကျိုးဆိုတာတခြား ပြောတာလား၊ ခန္ဓာပေါ်တာ ပြောတာလား....(ခန္ဓာပေါ်တာ ပြောတာပါ ဘုရား)။ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ခန္ဓာဆိုတာ ကြားတဲ့ ခန္ဓာလေး ပြောတာ၊ အခု ချိန်သားကိုက် ပေါ်တဲ့ ခန္ဓာလေးကို လိုချင်တယ်။

ဒါဖြင့် ဒီ အကြောင်းနှစ်ပါးဆိုတဲ့ ဟောဒီ နားအကြည် ရုပ်ကလေးက ကံကြောင့်ဖြစ်တာ၊ စိတ်၊ ဥတု၊ အာဟာရက သဟဇာတ ဖြစ်ပါတယ်၊ အသံရုပ်ကလေးကလဲ ဥတုကြောင့် ပေါ်တာ၊ ကံတို့၊ စိတ်တို့၊ အာဟာရတို့ အတူတကွ ပေါ်တယ် လို့ ယူ၊ ပြဋ္ဌာန်းတာကို ႏ ပြောတာ၊ နားအကြည်ရုပ်က-ကံအ

ကြည်၊ ကြားတတ်တဲ့ သဘောဟာ ကမ္မဇအကြည်ရုပ် မရှိဘူး လား၊ ရှိသလား....(ရှိပါတယ် ဘုရား)။

ဒီ ဘက်ဥတုက ပြုပြင်တဲ့ အသံရုပ် မရှိဘူးလား၊ ရှိသလား (ရှိပါတယ် ဘုရား)။ ဒါဖြင့် ရုပ် မှန်သမျှသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါး ကံကြောင့် ဖြစ်တာ၊ စိတ်ကြောင့်ဖြစ်တာ၊ ဥတုကြောင့်ဖြစ်တာ၊ အာဟာရကြောင့် ဖြစ်တာ။

ဒီ အကြောင်းတရား လေးပါးက ပြုပြင်လို့ ဒီ ဘက်က နား အကြည်ရုပ်နှင့် အသံရုပ်၊ ဟောဒီအကြောင်းနှစ်ပါးပြည့်စုံတော့ ဟော့ဒီအကျိုးတရား ပေါ် မပေါ်....(ပေါ်ပါတယ် ဘုရား)။

## ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဖြုတ်ခွာရေး

ဒီတော့ အကြောင်းထဲမှာ ပုဂ္ဂိုလ်သတ္တဝါ ပါရဲ့လား .... (မပါပါဘုရား)။ ဒါဖြင့် အကျိုးထဲမှာ ပုဂ္ဂိုလ် သတ္တဝါ စွဲလို့ ရရဲ့လား....( မရပါဘုရား )။ ခင်ဗျားတို့ စွဲနေတဲ့ ဒိဋ္ဌိသည် အကြောင်းကို စွဲတာလား ..(အကျိုးကို စွဲတာပါဘုရား)။

ငါကြားတယ်လို့ ပြောနေတယ်၊ ငါကြားတယ်ဆိုတော့ ကဲ....ခင်ဗျားတို့ အကြောင်းကို စွဲတာလား၊ အကျိုးကို စွဲတာ လား....(အကျိုးကို စွဲတာပါဘုရား) အကြောင်းရှင်းလို့လား၊ မရှင်းလို့လား....(အကြောင်းမရှင်းလို့ပါဘုရား)။

ဒါဖြင့် အကြောင်းရှင်းလျှင် အကျိုးစွဲပါ့မလား၊ ဒါဖြင့် အကြောင်းသည် တခြားလား၊ ဖဋိစ္စလား၊(ပဋိစ္စပါဘုရား)။ အကျိုးသည် တခြားလား၊ သမုပ္ပါဒ်လား .... ( သမုပ္ပါဒ်ပါ

ဘုရား) ဩြော်·ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်သိတော့ အကျိုးဒိဋ္ဌိပြုတ်၊ မပြုတ်....(ပြုတ်ပါတယ်ဘုရား)။

ပြုတ်ပုံရှင်းမယ်၊ ဟောဒီ အကြောင်း ပဋိစ္စထဲမှာ ပုဂ္ဂိုလ် သတ္တဝါ ပါရှိခဲ့လား....(မရှိပါဘုရား) ဒါဖြင့် အကြောင်း ပဋိစ္စကို ဉာဏ်ရှင်းတော့ ဝိစိကိစ္ဆာ သေ၊ မသေ၊ (သေပါတယ် ဘုရား) ဟောဒီ အကျိုးသမုပ္ပါဒ်ထဲမှာ ပုဂ္ဂိုလ် သတ္တဝါ မပါ တာသိတော့ သက္ကာယဒိဋ္ဌိ ပြုတ်၊မပြုတ်(ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် ခန္ဓာ ဉာဏ်ရောက်လျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သေ၊ မသေ၊ (သေပါတယ်ဘုရား) ပစ္စုပ္ပန် ခုချိန် သွားကိုက်သေအောင် သတ်နေတယ်။

အတိတ်နှင့် ပစ္စုပ္ပန် ဒီစက်ဝိုင်းကြီး လှဲနေတာက တသံသရာ လုံးက ဖြစ်တဲ့ဖြစ်စဉ်ကို ပြောနေတာ၊ ခုဟာက ပစ္စုပ္ပန်ချိန်သွား ကိုက် ခန္ဓာကိုပြောတာ၊ (မှန်လှပါဘုရား) ရှင်းရောရှင်းရဲ့လား (ရှင်းပါတယ်ဘုရား)။

ကိုင်း....အဲဒီ ခန္ဓာ ဖြစ်စေတဲ့အကြောင်းကို ရှင်းလျှင် ဦး ပဥ္စင်းတို့ တကာ တကာမတွေ ဝိစိကိစ္ဆာ သေ၊ မသေ၊ (သေ ပါတယ်ဘုရား)။ ဖြစ်ပေါ်တဲ့အကျိုးထဲမှာ ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းတဲ့ သဘောရောက်လျှင် သက္ကာယဒိဋ္ဌိ ပြုတ်၊ မပြုတ်၊ (ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် အကြောင်းရှင်းတော့ ဝိစိကိစ္ဆာ သေ၊ မသေ၊(သေ ပါတယ်ဘုရား)။ အကျိုးထဲမှာ ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းတဲ့ သဘော ရောက်တော့ သက္ကာယဒိဋ္ဌိ ပြုတ်၊ မပြုတ်၊ (ပြုတ်ပါ တယ်ဘုရား) ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက ပဋိစ္စ

သမုပ္ပါဒ်သိမှ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သေမယ်လို့ ဟောတာနော်.... (မှန်လှပါဘုရား) ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဒီတချက် လင်းလိုက်လျှင် တဘဝတော့ အပါယ်တံခါး ပိတ်မယ်....(မှန်လှပါဘုရား)။ စူဠသောတာပန် အသိနော်.... သာမညလို့ မယူလိုက်ပါနှင့် (မှန်လှပါဘုရား)။

ဒီ ပဋိစ္စသမုပ္ပါဒ် ခန္ဓာဉာဏ်ရောက် လိုက်လျှင် ဒိဋ္ဌိဝိစိကိစ္ဆာ အသိဉာဏ်နှင့် မပြုတ်ဘူးလား၊ ဒီအကြောင်း ချုပ်တော့ ဒီ အကျိုးက တည်မှာလား၊ပျက်မှာလား၊ (ပျက်ပါတယ်ဘုရား) ပျက်တယ်ဆိုတော့ ခိုင်မြဲတယ်လို့ ယူလို့ ရဦးမှာလား....(မရပါ ဘုရား)။

ရုပ်တရားက အနိစ္စလား ၊ နိစ္စလား ၊ (အနိစ္စပါဘုရား)။ ဒါဖြင့် ရုပ်ကို မှီပေါ်တဲ့ တရားက အနိစ္စလား၊ နိစ္စလား၊ (အနိစ္စပါဘုရား)။ ဒါဖြင့် ပျက်စီးတတ်တဲ့ တရားပေါ့၊ ခိုင်မြဲ တယ်ဆိုတဲ့ သဿတဒိဋ္ဌိ ယူလို့ ရဦးမလား....(မရပါဘုရား)။

နားက ကြားပြီး ဘာပြုလို့ ဘိုင်းကနဲ လဲမသေလဲ ဆိုတော့ နောက်စိတ်က အစား မထိုးဘူးလား....(ထိုးပါတယ်ဘုရား)။ ကြားပြီးတော့ ခုဘဲ မှန်ပါတယ်ဘုရားဆိုတဲ့ လျှောက်ချင်တဲ့ စိတ်က အစားမထိုးဘူးလား....(ထိုးပါတယ်ဘုရား)။ နားမှာ ပေါ်တာလား၊ ဝမ်းထဲမှာ ပေါ်တာလား....(ဝမ်းထဲမှာပေါ် တာပါဘုရား)။နားက ကြားတဲ့ စိတ်ကလေး မချုပ်ဘဲနှင့်ဝမ်း ထဲက လျှောက်ချင်တဲ့စိတ် ပေါ်နိုင်ပါ့မလား....(မပေါ်နိုင်ပါ ဘုရား)။ နားက ကြားတဲ့စိတ်ကလေးနှင့် ဝမ်းထဲက လျှောက်

ချင်တဲ့စိတ်နှင့် အကြောင်းအကျိုး ကင်းရှိလား....(မကောင်းပါ ဘုရား)။

ဒီလို သိလိုက်တော့ ဥစ္စေဒဒိဋ္ဌိ ငင်၊ မငင်....(ငင်ပါတယ် ဘုရား) ဒါပဋိစ္စသမုပ္ပါဒ် ခန္ဓာဉာဏ်ရောက်လျှင် သက္ကာယဒိဋ္ဌိ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သေ၊ မသေ (သေပါတယ် ဘုရား)။

ဒါဖြင့် ဒီခန္ဓာကို ဘာသစ္စာဖွဲ့မလဲ....(ဒုက္ခသစ္စာပါဘုရား) ဟင်–ဒါနိစ္စ မမြင်သေးဘူး၊ ဒုက္ခလဲ မပါသေးဘူး....(မှန်လှပါ ဘုရား) အနတ္တရော....(မပါသေးပါဘုရား)။

ဒါကို အရင်ရှုရမှာလား၊ ခန္ဓာ အရင်သိရမှာလား....(ခန္ဓာ အရင်သိရမှာပါဘုရား) ခန္ဓာမသိခင် အနိစ္စရှုနေတော့ ကိုင်း– ဒီမှာ ခွက်ဘယ်နှစ်လုံး တန်းထားသလဲ .... (သုံးလုံးတန်းထား ပါတယ်ဘုရား)အမယ် ဒီမှာရေရော၊ အရမ်းမပြောနဲ့၊ (ခြောက် လုံးတန်းထားပါတယ်ဘုရား) ခြောက်ဆိုတာ ခင်ဗျားတို့က လုပ်တာလား၊ သူက ပြတာလား .... ( သူကပြတာပါဘုရား )

ခွက်က ခြောက်လုံးပြတာ ဟောဒီက တခုဖြုတ်လိုက်မယ်၊ ဘယ်နှစ်လုံး ကျန်သလဲ ...(ငါးလုံးကျန်ပါတယ်ဘုရား)ခင်ဗျား တို့က လုပ်တဲ့ငါးလား၊ ခွက်က ပြတဲ့ငါးလား .... (ခွက်ကပြတဲ့ ငါးပါဘုရား)။

ဒါဖြင့် အနိစ္စဆိုတာ ဘယ်သူက ပြောတာလဲ....(ခန္ဓာက ပြောတာပါ ဘုရား)။ခင်ဗျားတို့က ဆိုင်းဘုတ် ချိတ်ရမှာလား (မချိတ်ရပါ ဘုရား)။ဟာ ခင်ဗျားတို့က ဆိုင်းဘုတ် ချိတ်လျှင် ဘယ် ဝိပဿနာ ဖြစ်မှာလဲ....(မဖြစ်ပါဘုရား)။ဝိပဿနာ ဆို

ဘာ ကိုယ်က ဆိုင်းဘုတ် ချိတ်ရမှာလား၊ ခန္ဓာက ပြောမှာ လား....(ခန္ဓာက ပြောမှာပါ ဘုရား)။

ခန္ဓာသိတော့ ကဲ-ဦးပုဥ္ဇင်းတို့ တကာ တကာမတွေ ခန္ဓာက ဘာသစ္စာ .... (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခကို အမှန်သိတော့ ခင်ဗျားတို့ ဝမ်းထဲ မဂ္ဂသစ္စာ ပေါ်၊ မပေါ်....(ပေါ်ပါတယ် ဘုရား)။ လောကီ မဂ္ဂသစ္စာ....(မှန်လှပါ ဘုရား)။မဂ္ဂသစ္စာဆို တာ အမှန်သိတယ်ဆိုတော့ တခြားလား၊ ဉာဏ်လား...(ဉာဏ် ပါဘုရား)။ ကဲ-သစ္စာနှင့်ဉာဏ်ပေါင်း(သစ္စာဉာဏ်ပါဘုရား)။

ဒီဋ္ဌိပြုတ်ပြီးတော့ ခန္ဓာထဲ ဉာဏ်ရောက်လိုက်တော့ ကဲ-သစ္စ ဉာဏ် မရဘူးလား .... (ရပါတယ် ဘုရား)။ ကဲ-သောတာပန် တည်ပြီလား .... (မတည်သေးပါ ဘုရား) ။မတည်သေးပါဘူး၊ ဦးပဥ္ဇင်းက တည်အောင် ဟောတယ်လို့ မပြောပါဘူး။

## ဆေးကုချိန်မရ၊ ဆေးကုလို့ မရတဲ့ ဖြစ်-ပျက်

ကဲ-ရှင်းအောင်နာပါ....(မှန်လှပါ ဘုရား)ခန္ဓာကပြောပြီး အနိစ္စ၊အနတ္တ၊ အသုဘ ပေါင်းလိုက်တော့ ဖြစ်-ပျက်၊ ဖြစ်ခြင်း၊ ပျက်ခြင်း ကိစ္စမှာပါး သူ့မှာရှိရဲ့လား....(မရှိပါဘုရား)။ဖြစ် တဲ့ကိစ္စကိုလဲ ခင်ဗျားတို့က မဖြစ်နိုင်လို့ တားလို့ရရဲ့လား....(မရ ပါ ဘုရား)။ ပျက်တဲ့ ကိစ္စကိုလဲ ခင်ဗျားတို့က တောင်းပန်လို့ ရရဲ့လား....(မရပါ ဘုရား)။

ဒါဖြင့်လျှင် ဖြစ်မှု-ပျက်မှု ဆိုတာ တခြားလား ကိုယ်သေ ဘာလား....(ကိုယ် သေတာပါ ဘုရား)။ ဟော-ကြားတဲ့ စိတ် ကလေး သေတာ....(မှန်လှပါ ဘုရား)။ သဘောကျတဲ့ စိတ်

ဓာလေး သေတာ....(မှန်လှပါ ဘုရား)။ ဒါဖြင့် ကိုယ့်အသေ ကိုယ်မြင်တာ တခြားလား၊ ဝိပဿနာလား .... (ဝိပဿနာပါ ဘုရား)။

ခန္ဓာမှာ အသေလဲတဲ့ ကိစ္စမှတပါး ရှိသေးသလား....(မရှိပါ ဘုရား)။ ဒါဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါင်းလိုက်တော့ တခြား လား၊ ဖြစ်-ပျက်လား ...(ဖြစ်-ပျက်ပါဘုရား)။ မေွးပြီးသေတာ ကြာရဲ့လား....(မကြာပါ ဘုရား)။ သြော်–မွေးတယ်လို့ ပြောရုံ သာ ရှိသေးတယ် ကြည့်လိုက်တော့ ရှိသေးလား ... (မရှိပါ ဘုရား)။ ဟင် .... ဒီထက်ကြီးတဲ့ ဒုက္ခ ရှိသေးလား .... (မရှိပါ ဘုရား)။

ဒါကြောင့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး က ဖြစ်-ပျက် မြင်အောင်ကြည့်ဆိုတာ တခြားလား ကိုယ် ဒုက္ခ ရောက်တာ ကိုယ်တိုင် ကြည့်နိုင်းတာလား၊ (ကိုယ် ဒုက္ခရောက် တာ ကိုယ်တိုင် ကြည့်ခိုင်းတာပါ ဘုရား)။ ကိုယ် ဒုက္ခရောက်တာ ကိုယ် ကြည့်ခိုင်းတာ၊ ဒါဖြင့် ကိုယ် ဒုက္ခရောက်တာ ကိုယ် ကြည့် လိုက်တော့ ကိုယ် ဒုက္ခရောက်တဲ့ကိစ္စကို မသိဘူးလား၊ သိသလား (သိပါတယ် ဘုရား)။ ကိစ္စနှင့် ဉာဏ်နှင့် ပေါင်းမိမ်း....(ကိစ္စ ဉာဏ်ပါ ဘုရား)။

ခက်အောင် ဟောတော့ ခက်တာပေါ့၊ ရှင်းအောင်ပြော တော့ မရှင်းဘူးလား....(ရှင်းပါတယ် ဘုရား)။ အကျယ်ချဲ့မယ် ဆိုလျှင်တော့ ကိစ္စဉာဏ် လေးချက်တောင် ဟောတယ်....(မှန် လှပါ ဘုရား)။

သို့သော် ဦးပဉ္ဇင်းတို့ တကာ တကာမတွေ ဒီလို သစ္စာညဏ် ကနေ ကိစ္စညဏ်ကျတော့ ကိုယ်က ဖြစ်-ပျက်လို့ လုပ်ရမှာလား၊ ခန္ဓာက ပြောတာ ကြည့်ရမှာလား .... (ခန္ဓာက ပြောတာ ကြည့်ရမှာပါ ဘုရား)။ ဖြစ်-ပျက် မြင်တော့ ဘာညဏ်တုန်း.... (ယထာဘူတ ဉာဏ်ပါဘုရား)။ ယထာဘူတ ဉာဏ်မရဘူးလား၊ ရသလား (ရပါတယ် ဘုရား)။

ကဲ-အဲဒီဉာဏ်ကနေပြီး ဉာဏ်စဉ်က သူ့ဟာသူ တက်မှာနော် ကိုယ်က တက်လို့မရဘူး....(မှန်လှပါ ဘုရား)။ဆရာတော် တက်ပေးလို့လဲ....(မရပါ ဘုရား)။

ကိုင်း....စဉ်းစား၊ ဒီက ဖြစ်-ပျက်က ဘာသစ္စာလဲ .... (ဒုက္ခ သစ္စာပါ ဘုရား)။ သိတာက လောကီ မဂ္ဂသစ္စာ....(မှန်လှပါ ဘုရား)။ ဖြစ်ခြင်း-ပျက်ခြင်း ကိစ္စက ခန္ဓာမှာ ရှိတဲ့ကိစ္စ....(မှန်လှ ပါဘုရား)။ ကိုင်း....ဘုရားအဆူဆူ တားလို့ ရရဲ့လား....(မရပါ ဘုရား)။ မဖြစ်နှင့် မပျက်နှင့်ကွလို့ တားလို့ ရရဲ့လား....(မရပါ ဘုရား)။ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါ ဘုရား)။

သစ္စာဆိုတာ ဖောက်ပြန်တဲ့ တရားလား မဖောက်မပြန် မှန်ကန်တဲ့တရားလား .... (မဖောက်မပြန် မှန်ကန်တဲ့ တရားပါ ဘုရား)။ ဒါဖြင့် ဖြစ်ခြင်း-ပျက်ခြင်း ကိစ္စက ဆေးကုချိန် ရရဲ့ လား .... (မရပါ ဘုရား)။ ဆေးကုလို့ရော ပျောက်ရဲ့လား.... (မပျောက်ပါ ဘုရား)။ အဲဒီ ဖြစ်-ပျက်ကို ဆိုလိုတာ ...(မှန်လှပါ ဘုရား)။

ဒါ နိဗ္ဗေဓိက ပရိယာယသုတ် ဆက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိ တော်မှာ ဘုရားကိုယ်တော်တိုင် ဟောခဲ့တာကို ဘုရားကိုယ်စား

သွယ် လုပ်သွားတဲ့ မိုးကုတ် ဆရာတော်ဘုရားကြီးက ပြော့-ဖြစ်ပျက် မြင်တယ်ဆိုတာက ဆေးကုချိန်မရတဲ့ ဖြစ်-ပျက်-(မှန်လှပါ ဘုရား)။ ဆေးကုလို့မပျောက်တဲ့ ဖြစ်-ပျက် .... (မှန်လှပါ ဘုရား)။

အဲဒီ ဖြစ်-ပျက်မြင်မှ သူ့ကိစ္စမြင်မှာ....(မှန်လှပါ ဘုရား)။ ဒါဖြင့် ခန္ဓာက ဖြစ်ခြင်း ပျက်ခြင်း ကိစ္စ ခန္ဓာ ကိစ္စ ...(မှန်လှပါ ဘုရား)။ သိတာက ဘာလဲ....(ဉာဏ်ပါ ဘုရား)။ ကိစ္စနှင့် ဉာဏ် နှင့်ပေါင်း....(ကိစ္စဉာဏ်ပါ ဘုရား)။

ကဲ-သောတာပန် တည်ပြီလား....(မတည်သေးပါ ဘုရား) ဒါဖြင့် ခင်ဗျားတို့က ကလျာဏ ပုထုဇဉ်ပေါ့...(မှန်လှပါ ဘုရား)။ သစ္စဉာဏ်က ကလျာဏ ပုထုဇဉ်ဘဲ(မှန်လှပါ ဘုရား)။ ကိစ္စဉာဏ်လဲ ကလျာဏ ပုထုဇဉ်ဘဲ....(မှန်လှပါ ဘုရား)အင်း.... ပုထုဇဉ်တွေချည်းဘဲ။

သို့သော် အန္ဓပုထုဇဉ် မဟုတ်တော့ဘူးနော် .... (မှန်လှပါ ဘုရား)။ ဘာ ပုထုဇဉ်လဲ .... (ကလျာဏ ပုထုဇဉ်ပါ ဘုရား)။ "သုတဝါ အရိယသာဝကော" ဖြစ်သွားပြီ(မှန်လှပါ ဘုရား)။ မဖြစ်ဘူးလား ဖြစ်သလား....(ဖြစ်ပါတယ် ဘုရား)။

ရှင်းအောင် နာစမ်းပါ ရှင်းအောင် နာစမ်းပါ သာသနာ အားပေးချင်လို့ သာသနာကိန်းအောင် ပြောနေတယ်-(မှန်လှပါ ဘုရား)။ ဒီတော့ သိဉာဏ်က တခြားလား မဂ္ဂင်လား(မဂ္ဂင်ပါ ဘုရား)။ မဂ္ဂင်ဆိုတာ ဘယ်သူ့ အဆုံးအမလဲ....(ဘုရားအဆုံးအမပါ ဘုရား)။ အေး....ရှင်းတယ် ဘုရား အဆုံးအမထဲမှာ

သီလ သမာဓိ ပညာ မပါဘူးလား ပါသလား....(ပါ ပါတယ် ဘုရား)။ မကိန်းဘူးလား ကိန်းသလား(ကိန်းပါတယ်ဘုရား)။
ဒီတော့ သာသနာ့ရဲ့ ကျေးဇူးမသိဘူးလား သိသလား....(သိပါတယ် ဘုရား)။ ကျေးဇူးသိမှ ကျေးဇူးရှင်မှန်းသိမှ ကျေးဇူးဆပ်ချင်မှာပေါ့....(မှန်လှပါ ဘုရား)။

ဩော်....ဒီတော့ ခုနတုန်းက ပြောတာ ဦးပဉ္ဇင်းတို့ တကာ တကာမတွေ စဉ်းစား၊ ဒီ ကိစ္စညဏ်ကို ပြောနေတယ်....(မှန်လှပါ ဘုရား)။ ကိစ္စညဏ်ဆိုတာက ကိုယ်က ဆိုင်းဘုတ် ချိတ်ရမှာလား ခန္ဓာက ပြောမှာလား....(ခန္ဓာက ပြောမှာပါ ဘုရား)။

"ဝိပရိဏာမ လက္ခဏံ ဒုက္ခ သစ္စံ"

ဆိုတော့ ခန္ဓာက သူ့မှာ ဖြစ်ခြင်း-ပျက်ခြင်း ကိစ္စမှတပါး ရှိသေးသလား .... (မရှိပါ ဘုရား) ဘယ်သူ တောင်းပန်လို့ ရသေးလဲ....(မရပါ ဘုရား)။ ကဲ-ဘုန်းတော် အနန္တ ကံတော် အနန္တ ဉာဏ်တော် အနန္တ တန်ခိုးတော် အနန္တဆိုတဲ့ ဘုရား အဆူဆူ တားလို့ ရရဲ့လား....(မရပါ ဘုရား)။ သစ္စာဆိုတာ ဖောက်ပြန်တဲ့ တရားလား မဖောက်မပြန် မှန်ကန်တဲ့ တရား လား....(မဖောက်မပြန် မှန်ကန်တဲ့ တရားပါ ဘုရား)။

ဒါဖြင့် ခန္ဓာထဲ ဉာဏ်စိုက်လို့ ဖြစ်မှု-ပျက်မှုလေးတွေ မြင်လျှင် ဒါ ဘုရားရဲ့ အဆုံးအမ ကိန်းတယ်....(မှန်လှပါ ဘုရား)။ ဒါဖြင့် ဒုက္ခသစ္စာ သိ မသိ .... (သိပါတယ် ဘုရား)။ အဲဒီ အချိန်ဟာ သောတာပန် တည်ပြီလား....(မတည်သေးပါ ဘုရား)။

ဒုက္ခသစ္စာသိတော့ ဒီ အဝိဇ္ဇာ ချုပ် မချုပ် .... ( ချုပ်ပါ တယ် ဘုရား )။ အမြစ်ပါချုပ်တာလား သိတဲ့အခိုက် ချုပ်တာ

လား....(သိတဲ့အခိုက် ချုပ်တာပါဘုရား)။ သိပြီ၊ ဒုက္ခသိပြီ၊ ကိုင်း....ဒုက္ခသိတော့ ဒုက္ခကင်းချင်တဲ့သဘော မရှိဘူးလား၊ ရှိသလား....(ရှိပါတယ်ဘုရား)။

အနာပေါက်တာ သိတော့ အနာပျောက်ချင်တာပေါ့ဗျာ၊ (မှန်လှပါဘုရား)။ အနာပေါက်တာ မသိတဲ့ ပုဂ္ဂိုလ်က အနာပျောက်ချင်ပါ့မလား....(မပျောက်ချင်ပါဘုရား)။

အိုနာ၊ နာနာ၊ သေနာ၊ ဒီခန္ဓာထဲမှာ ရှိ-မရှိ၊ (ရှိပါတယ်ဘုရား)။ အိုနာက ခုပြုပြီ၊ (မှန်လှပါဘုရား)။ နာနာက တော်တော်ကြာ အိပ်ယာ ဖျာကပ် ရောက်တော့မယ် .... (မှန်လှပါဘုရား)။ သေနာက ရွာ့အပြင်မောင်းထုတ်လိမ့်မယ် (မှန်လှပါဘုရား)။ အဲဒါ အပေါ်ယံ အပြော၊ (မှန်လှပါဘုရား)။

ခုနတုန်းက ပြောခဲ့တဲ့ ဆေးကုချိန် မရတဲ့ ဖြစ်-ပျက်၊ ဆေးကုလို့ မပျောက်တဲ့ဖြစ်-ပျက်၊ (မှန်လှပါဘုရာ )။ အဲဒါမှ ကိစ္စညာဏ်၊ (မှန်လှပါဘုရား)။ ရှင်းရောရှင်းရဲ့လား၊ (ရှင်းပါတယ်ဘုရား)။

ကိုင်း....ဒုက္ခသိပြီ၊ (မှန်လှပါဘုရား)။ ဖြစ် ပျက် မဂ် ကိုက်နေတဲ့အချိန်မှာ သူ့ကိစ္စမသိဘူးလား၊ သိသလား....(သိပါတယ်ဘုရား)။ ဒီအချိန်မှာ သောတာပန်တည်ပြီလား....(မတည်သေးပါဘုရား)။ မတည်မချင်း သူဟာ ကလျာဏပုထုဇဉ်(မှန်လှပါဘုရှား)။ စူဠသောတာပန်၊ ဒီ အဆင့်ဘဲ ရှိတယ်၊ (မှန်လှပါဘုရား)။

ကိုင်း....သိတဲ့ အဲဒီပုဂ္ဂိုလ်က ဒုက္ခအလိုရှိလို့ လုပ်မှာလား၊ ဒုက္ခကျွတ်ခြင်းငှါ အလိုရှိလို့ လုပ်မှာလား၊ (ဒုက္ခကျွတ်ခြင်းအလိုရှိလို့ လုပ်မှာပါဘုရား)။ အနာပေါက်တာ သိလို့ အနာပျောက်ချင်တယ်၊ (မှန်လှပါဘုရား)။ ကိုယ့်မှာလဲ ကိလေသာ

ရောဂါရှိနေတယ်၊ ခန္ဓာအနာရောဂါတွေလဲ ရှိ၊မရှိ၊(ရှိပါတယ် ဘုရား)။

အဲဒီ အနာတွေ ရောဂါတွေ ရှိတာ သိတော့ ဦးပဥ္စင်းတို့ တကာ တကာမတွေ ရောဂါပျောက်ဆေးက ဘယ်သူ ပေးတာလဲ ဆိုတော့ ပရိယတ်က ပေးတာ၊ (မှန်လှပါဘုရား)။ ရောဂါပျောက်ဆေး သောက်ရမှာက ပဋိပတ်၊ (မှန်လှပါဘုရား)။ ရောဂါပျောက်တာက ပဋိဝေဓ၊ (မှန်လှပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သိပြီ၊ သိတော့ ခင်ဗျားတို့ စဉ်းစား၊ ဖြစ်-ပျက်က ဘာသစ္စာလဲ၊ ( ဒုက္ခသစ္စာပါဘုရား )။ "ဒုက္ခေ ဉာဏံ" ဆိုတော့ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား၊ (ဝိဇ္ဇာပါဘုရား)။ ကိုင်း-ဒုက္ခသိတဲ့လူက ဒုက္ခလိုချင်လို့ လုပ်မှာလား၊ ဒုက္ခသိမ်းချင်လို့ လုပ်မှာလား....(ဒုက္ခသိမ်းချင်လို့လုပ်မှာပါဘုရား)။

ကိုင်း....ဒီမှာ သင်္ခါရလား၊ အသင်္ခါရလား....(အသင်္ခါရပါဘုရား) အသင်္ခါရ ဒီ ဝိဇ္ဇာဆိုတော့ ကိလေသာ မချုပ်ဘူးလား ချုပ်မှာလား....(ချုပ်မှာပါဘုရား) မဂ်ဆေး မထက်ဘူးလား၊ ထက်သလား .... (ထက်ပါတယ်ဘုရား)။ ဒီ မဂ်ဆေးသောက်လိုက်တော့ ကိလေသာ အခိုက်အတန့် မသေဘူးလား ဦးဒွေး၊ ( သေပါတယ်ဘုရား )။ တကြိမ်သောက်လျှင် ခဏပေါ့ဗျာ၊ ကြာကြာသောက်တော့ ဝိက္ခမ္ဘနပေါ့၊ ရောဂါပျောက်အောင် သောက်တော့ သမုစ္ဆေဒပေါ့၊ (မှန်ပါဘုရား)။

ဒီလို လာရမှာပေါ့၊တကြိမ်သောက်တော့ တဒင်္ဂ၊အဲဒီ တဒင်္ဂလေး မြင်ရတာတောင် ဘုရားက အသက်တရာ နေရတာထက် ဒီတကြိမ် မြင်ရတာက မြတ်တယ်လို့ ဟောထားတယ်။ ဩော်.... ဟို အသက်တရာက ကန်းသက်ရှည်ကြီး၊ (မှန်လှပါဘုရား)။

ဒီက တဒင်္ဂ မျက်လုံး ပွင့်တယ်၊ မပွင့်ဘူးလား၊ (ပွင့်ပါတယ် ဘုရား)။ သာသနာ့အဆုံးအမ မကိန်းဘူးလား၊ (ကိန်းပါတယ် ဘုရား)။ ကိန်းပြီး သာသနာပြုတော့ ဒီမှာ စာပြန်ပွဲကြီးလေ။

## သာသနာပြု အလှူခံ တရား

စာပြန်ပွဲဆိုတော့ အလှူခံတရားကလေး ဟောဦးမှ သို့မဟုတ် လျှင် မျက်နှာတွေက သိပ်ကြည်တာ မဟုတ်ဘူး၊ လူကြီးတွေက အလှူခံမပေးလျှင် ကြည်ကို မကြည်ဘူး၊ ကိုယ်တိုင်ကလဲ သာသနာ အစစ်ကိန်းပြီးမှ အလှူခံပေးချင်တယ်၊ ဘယ်ရမ်းပြီးအလှူခံပေးလို့ ဖြစ်မလဲ၊ (မှန်လှပါဘုရား)။ မဟုတ်ဘူးလား....

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဘယ်တော့မှ ရမ်း အလှူခံမပေးဘူး၊ ဟုတ်လား....(မှန်လှပါဘုရား)။ လှူချင်တာတောင် နေဦးဟော့တဲ့၊ မင်းမျက်လုံးကလေး အလင်းရအောင် လုပ်လိုက်ဦး၊ မင်းမျက်လုံးအလင်းမရဘဲနှင့် အကန်းလမ်းသွားလျှင် ချောက်ကျမှာစိုးလို့၊ ငါ့အဆင်းတွန်း မတွန်းပါရစေနှင့် ငါက ချောက်လွှတ်တဲ့ နေရာ ကယ်တင်တာ(မှန်လှပါဘုရား)။

ဦးပဥ္စင်းတို့ကလဲ ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယယူပြီး သွားတော့ ဒီအတိုင်းဘဲ ပြောရမှာဘဲ....(မှန်လှပါဘုရား)။

ခု ပစ္စည်းက ဘာလဲ ...(ဒုက္ခသစ္စာပါဘုရား)။ ဒီပစ္စည်းကို သုံးတတ်လျှင် ခင်ဗျားတို့ မဂ္ဂသစ္စာရမယ်....(မှန်လှပါဘုရား)။ အသုံးမတတ်လျှင် သမုဒယသစ္စာပေါ်မယ်၊ (မှန်လှပါဘုရား)။

ဒါက ခင်ဗျားတို့ကို ရှင်းရှင်းနဲ့ နားလည်အောင် ပြောရတာ....(မှန်လှပါဘုရား)။ လူချမ်းသာ နတ်ချမ်းသာ လိုချင်

လျှင် သမုဒယသစ္စာ ပေါ်မယ်....(မှန်လှပါဘုရား)။ နိဗ္ဗာန် ချမ်းသာ လိုချင်လျှင် မဂ္ဂသစ္စာ ပေါ်မယ်....(မှန်လှပါဘုရား)။ သမုဒယသစ္စာ ပေါ်တော့ သာသနာပ-မယ်၊ မဂ္ဂသစ္စာ ပေါ် လျှင် သာသနာ လင်းမယ် .... (မှန်လှပါဘုရား)။ ဘယ်ဒင်း ကြိုက်သလဲ (သာသနာလင်းတာ ကြိုက်ပါတယ်ဘုရား)။

ဟာ....သာသနာလင်းတာ ကြိုက်လျှင် ရက်ရောတော့မယ်၊ (မှန်လှပါဘုရား)။ ဒုက္ခသစ္စာကိုး....ရက်ရောတော့မယ်ပေါ့၊ ရတဲ့ပစ္စည်းက ရန်သူမျိုးငါးပါးနှင့် မဆက်ဆံဘူးလား....(ဆက် ဆံပါတယ်ဘုရား)။ မလှူဘူး၊မဒါန်းဘူး၊မပေးဘူး၊မကန်းဘူး ဆိုလျှင် ဦးပဥ္စင်းတို့ တကာ တကာမတွေ ပစ္စည်းက ဘာသစ္စာ လဲ....(ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်းသိတဲ့ ပုဂ္ဂိုလ်က သိမ်း ပိုက်ချင်မှာလား၊ စွန့်ရဲမလား .... ( စွန့်ရဲပါတယ်ဘုရား ) ။ ဒါဖြင့် လှူဒါန်းတာဟာ ကုန်တာလား၊ ရတာလား(ရပါတယ် ဘုရား)။ မဂ္ဂရတယ်....(မှန်လှပါဘုရား)။ ဟိုကုန်တာက သမု ဒယသစ္စာပါ....(မှန်လှပါဘုရား)။ လှူတတ်တော့ မဂ္ဂမရဘူး လား၊ ရသလား....(ရပါတယ်ဘုရား)။

အဲဒီ မဂ္ဂင်ရတနာရတယ် ပြောတာ .... (မှန်လှပါဘုရား)။ ဦးဒွေး ရှင်းရှင်းကလေးမှတ်စမ်းပါ၊ ဘာရတနာ ပြောတာလဲ (မဂ္ဂင်ရတနာ ပြောတာပါဘုရား)။

ပရိယတ္တိစာပြန်ပွဲကြီးကို အားပေးတော့မယ်ဆိုတော့ ဟော- ဒို့ဝမ်းထဲ ရတနာ ကိန်းတာဘဲ....(မှန်လှပါဘုရား)။ ဘုရားရဲ့ သာသနာအဆုံးအမ တကယ့်ရတနာ ကိန်းတာဘဲ....(မှန်လှပါ

ဘုရား)။ ဒီရတနာကိန်းတော့မှ ဩော်....ကျေးဇူးတင်မိပါ သလား၊ ဒီသာသနာ အဆက်ဆက် ဆောင်လာခဲ့တာ ရှင်သာရိ ပုတ္တရာ ကိုယ်တော်မြတ်ကြီးက နေပြီး ပေါက်ဖွားလာတဲ့ သာ သနာ (မှန်လှပါဘုရား)။

ဘုရား ကိုယ်တော် မြတ်ကြီးရဲ့ သားတော်တွေ၊ သမ္မုတိ သံဃာ ၊ပရမတ္ထ သံဃာဆိုတာ မရှိဘူးလား ရှိသလား ...( ရှိပါ ဘယ်ဘုရား)။ဘုရားအရေတော် ဝတ်နေရတဲ့သူတွေဟာ နှစ်ရာ့ နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်တွေ မထိန်းရဘူးလား၊ ထိန်းရသလား....(ထိန်းရပါတယ်ဘုရား)။

ဝိနည်းဥပဒေ၊ သီလဥပဒေ၊ သမာဓိဥပဒေ၊ ပညာဥပဒေ၊ သုတ်·ဝိနည်း·အဘိဓမ္မာဆိုပြီးဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် မထားခဲ့ဘူးလား....(ထားခဲ့ပါတယ်ဘုရား)။ ဒီ ဓမ္မက္ခန္ဓာ ရှစ် သောင်းလေးထောင်ကို သူများက ထိန်းတာလား သံဃာတော် တွေက စောင့်ထိန်းရတာလား .... (သံဃာတော်တွေက စောင့် ထိန်းရပါတယ်ဘုရား)။

ဒီ စောင့်ထိန်းတဲ့ကျေးဇူးဟာ ခင်ဗျားတို့ စဉ်းစားကြည့်ပါ ခနော်အင်မတန် ကြီးပါတယ်၊(ကြီးပါတယ်ဘုရား)။ကိုယ်ချင်း စာကြည့်ပါ၊ ငါးပါးအာရုံကာမဂုဏ် ဘယ်သူမဆို မခံစားချင် ဘဲ ပုဂ္ဂိုလ် မရှိပါဘူး၊(မရှိပါ ဘုရား)။

ကာမဘုံ ရောက်နေတဲ့ အရွယ်ကောင်းကလေးတွေ သာ မဏေကလေးတွေ၊ ရဟန်းပျိုကလေးတွေဆိုလျှင် ငါးပါးအာရုံ ကုန်ခမ်းအောင် ခြိုးခြံပြီး၊ ဩော်....ဒီသာသနာကြီး ဒို့အသက် နှင့် လဲမယ်ဆိုပြီး ကာကွယ်နေကြတာပါ၊ (မှန်လှပါဘုရား)။

သီဟိုဠ်ကျွန်းမှာဆိုလျှင် တချိန်က သူပုန် လူဆိုးတွေ ထလာလို့ သံဃာတော် အရှင်မြတ်များမှာ ဘုရားသာသနာတော်ကြီး မကွယ်ပ ရလေအောင် သဲပွင့်ကလေးတွေ ရင်ဘတ်ပေါ်တင်ပြီး ဒီစာတွေ မမေ့မပျောက်ရအောင် ပြန်ဆိုခဲ့ကြရတယ်၊ (မှန်လှပါဘုရား)။ ဘယ်လောက် ကြည်ညိုဘို့ ကောင်းသလဲ ကြည်ညိုလို့ မဆုံးနိုင်ပါဘူး၊ (မှန်လှပါဘုရား)။

သာသနာရဲ့ အနှစ်ကို အဲဒီလို ထိန်းလာခဲ့ရာမှ ယခုသာသနာတော်ရဲ့ တဝက်မှာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက အင်မတန် ခက်ခဲတဲ့ အဘိဓမ္မာကို မြန်မာလို ရှင်းရှင်းနှင့် ဉာဏ်ရောက်အောင် အဆုံးအမ မပေးဘူးလား၊ ပေးသလား.... (ပေးပါတယ်ဘုရား)။

အဘိဓမ္မာ ည ဝါချတဲ့နေရာမှာ အကျော်ဆိုတော့ ခန္ဓာ ဉာဏ်ရောက် အဘိဓမ္မာ သဘောတွေ ပြောရတော့ လူပြိန်းများအတွက် သိပ်ရှင်းတယ်၊ မရှင်းဘူးလား (ရှင်းပါတယ် ဘုရား)။ ဦးပဥ္စင်းနှင့်တကွဦးပဥ္စင်းတို့ တကာ တကာမတွေက ဆရာတော်ဘုရားကြီးအား ကျေးဇူးဆပ်ရမယ်....(မှန်လှပါ ဘုရား)။

ကျေးဇူး ဆပ်ရမယ်ဆိုတော့ မဂ္ဂသစ္စာပေါ်အောင် လုပ်ဖို့ပါဘဲ....(မှန်လှပါ ဘုရား)။ မဂ္ဂသစ္စာ ပေါ်အောင် လုပ်ရမယ်ဆိုတော့ ဦးပဥ္စင်းတို့ တကာ တကာမတွေ လူချမ်းသာ နတ်ချမ်းသာ လိုချင်လို့ လုပ်ရမှာလား၊ နိဗ္ဗာန်ချမ်းသာ လိုချင်လို့ လုပ်ရမှာလား....(နိဗ္ဗာန်ချမ်းသာ လိုချင်လို့ လုပ်ရမှာပါ ဘုရား)။ ဒုက္ခသိတဲ့ပုဂ္ဂိုလ်တွေ ဒုက္ခကျွတ်ခြင်းကို အလိုရှိတာပေါ့ (မှန်လှပါဘုရား)။

ဒါဖြင့် ဒုက္ခသိတယ်ဆိုတော့ “ဒုက္ခေ ဉာဏံ” ဆိုတာ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား....(ဝိဇ္ဇာပါ ဘုရား)။ ဟောဒီ လူတွေ့ပစ္စည်းကလဲ ဒုက္ခသစ္စာ ဖြစ်နေတော့၊ ကိုင်း....မီးထဲကပစ္စည်း မီးဆက်လောင်တာ ကြိုက်သလား၊ မီးငြိမ်းတာ ကြိုက်သလား....(မီးငြိမ်းတာ ကြိုက်ပါတယ် ဘုရား)။

လူချမ်းသာ-နတ်ချမ်းသာ ဆိုတော့ မီးဆက်လောင်တာ....(မှန်ပါဘုရား)။ နိဗ္ဗာန်ချမ်းသာကတော့ မီးလောင်တဲ့ နေရာလား၊ မီးငြိမ်းတဲ့ နေရာလား....(မီးငြိမ်းတဲ့ နေရာပါ ဘုရား)။

ဩော်....ဒါဖြင့် နိရောဓသစ္စာရော မသိဘူးလား....(သိပါတယ် ဘုရား)။ ဒါဖြင့် ဒီ မဂ္ဂသစ္စာပွားတဲ့ အလုပ်ဖြစ်တဲ့ ကိုယ်ရတဲ့ အလုပ်ကိုယူကြ .... (မှန်လှပါဘုရား)။ သာသနာကြီးနှင့် ယခုလို တွေ့လို့မှ မယူတတ်လျှင် ဦးပဥ္စင်းတို့ တကာ တကာမတွေ ကိုယ်ကျိုး နည်းလိမ့်မယ်....(မှန်လှပါဘုရား)။ ကိုယ်ကျိုးနည်းမယ်ဆိုတာ တောဒေယျ(ပုဏ္ဏား) ဖြစ်မယ် ပြောတာ....(မှန်လှပါဘုရား)။

သာသနာမကိန်းတော့ ခုနက လူတာ ကုန်တယ်လို့ပြောကြ (မှန်လှပါ ဘုရား)။ သာသနာမကိန်းတဲ့ တောဒေယျကြီးဟာ လှူတာပါတဲ့ .... (ကုန်တယ် ပြောပါတယ် ဘုရား)။ လှူတာကို ရတယ်လို့ မှတ်ယူတဲ့ ပုဂ္ဂိုလ်တွေက သာသနာကို မချီးမြှင့်ဘူးလား....(ချီးမြှင့်ပါတယ် ဘုရား)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ လှူတာဟာ ကုန်တာလား၊ ရတာလား....(ရတာပါ ဘုရား)။ ဒါဖြင့် များများ ရအောင် များများလှူပေါ့....(မှန်လှပါ ဘုရား)။ သာသနာနှင့် ကြုံကြိုက်

တုန်းမှ ရအောင် မယူတတ်လျှင် ခင်ဗျားတို့ ကိုယ်ကျိုးနည်းလိမ့်မယ်....(မှန်လှပါ ဘုရား)။

ဘာဖြစ်လို့လဲဆိုတော့ ဒီ မဂ္ဂင်မကိန်းလို့ သမုဒယသစ္စာကိန်းလျှင် ဘာသစ္စာ ရမလဲ....(ဒုက္ခသစ္စာ ရပါမယ် ဘုရား)။ ကိုင်းမဂ္ဂင် ကိန်းလိုက်တော့ ဒုက္ခသစ္စာ ရမှာလား၊ နိရောဓသစ္စာရမှာလား....(နိရောဓသစ္စာ ရမှာပါ ဘုရား)။

အဲဒါ အမိ အဘတွေ လာပြီး ကျေးဇူးဆပ်တာဘဲ .... (မှန်လှပါ ဘုရား)။ ကျေးဇူးဆပ်ဘယ် ဆိုတော့ ရအောင်ယူကြ (မှန်လှပါ ဘုရား)။ ဘယ်လို သတိပေးသလဲ....(ရအောင်ယူရမှာပါ ဘုရား)။

ရအောင်ယူတယ်ဆိုတာ မဂ္ဂင်ရတနာ ရအောင်ယူပါ....(မှန်လှပါ ဘုရား)။ ဒါကြောင့် သာသနာပမှာ ထမင်းရည် ချောင်းစီးအောင် လှူတာနှင့် သာသနာတွင်းမှာ ဆွမ်းလေးတဇွန်းလောင်းတာ ဘယ်ဒင်းက မြတ်သလဲ....(သာသနာတွင်းမှာ ဆွမ်းလေး တဇွန်းလောင်းရတာက မြတ်ပါတယ် ဘုရား)။

သာသနာပမှာ ဝိဇ္ဇာဖြစ်အောင် ဟောနိုင်တာ ရှိရဲ့လား....(မရှိပါ ဘုရား)။ သာသနာတွင်းကျတော့ ဒီ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် ဟောနိုင်တဲ့ ပုဂ္ဂိုလ်တွေ ရှိ၊ မရှိ(ရှိပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ထမင်းရည် ချောင်းစီးအောင် လှူငြားသော်လဲ သမုဒယသစ္စာ ဖြစ်လို့ ဒုက္ခသစ္စာ အကျိုးပေးတယ်....(မှန်လှပါဘုရား)။ သာသနာတွင်းမှာ ဝိဇ္ဇာ ကိန်းပြီး ဆွမ်းကလေး တဇွန်း လောင်းရတော့ မဂ္ဂင်မရဘူးလား....(ရပါတယ် ဘုရား)။

လက်ရှိခန္ဓာ ဘာသစ္စာလဲ....(ဒုက္ခ သစ္စာပါ ဘုရား)။ အမှန်သိလိုက်တော့ ခင်ဗျားတို့မှာ ဉာဏ် မကိန်းဘူးလား....(ကိန်းပါဘယ် ဘုရား)။ ပုထုဇဉ်နော်၊ ကလျာဏ ပုထုဇဉ်၊ စူဠ သောတာပန်အသိ ...(မှန်လှပါဘုရား)။ သူ့ကိုစွ ကြည့်တော့လဲ ဖြစ်ဘာနှင့် ပျက်တာ မမြင်ဘူးလား....(မြင်ပါတယ် ဘုရား)။

အဲဒီ ဖြစ်မှု-ပျက်မှု လိုချင်သေးသလား .... ( မလိုချင်ပါဘုရား)။ ကိုယ်သေတာ ကိုးမြင်တဲ့ ပုဂ္ဂိုလ်က အသုဘတောင် မလှဲ့သာလို့ သွားရတာ၊ ကိုယ့်အသေသာ တကယ်မြင်လျှင် ခန္ဓာဝန် ထမ်းချင်မလား၊ စွန့်ချင်မလား-(စွန့်ချင်ပါတယ် ဘုရား)။

ခြောင်....ဒုက္ခသိမ်းချင်တဲ့ သဘော မရောက်ဘူးလား....(ရောက်ပါတယ် ဘုရား)။

ဒါဖြင့် ဒုက္ခသိလို့ ဒုက္ခသိမ်းချင်တော့ ဒါ အဝိဇ္ဇာလား ဝိဇ္ဇာလား....(ဝိဇ္ဇာပါ ဘုရား)။ ကဲ-လူချမ်းသာ နတ်ချမ်းသာ လိုချင်လို့ လုပ်တာလား၊ နိဗ္ဗာန်ချမ်းသာကို လိုချင်လို့လုပ်တာသား....(နိဗ္ဗာန်ချမ်းသာကို လိုချင်လို့ လုပ်တာပါ ဘုရား)။

ဒါဖြင့် ဒါသင်္ခါရလား၊ အသင်္ခါရလား...(အသင်္ခါရပါဘုရား)။ ဟာ....အလိမ်မခံတော့ဘူးဆိုတော့ ကိလေသာ ဝဋ်ချုပ်၊ မချုပ် .... (ချုပ်ပါတယ် ဘုရား)။ အလိမ် ပြည်အောင်လုပ်တော့မယ်ဆိုတော့ ကမ္မဝဋ် သေ၊ မသေ .... (သေပါတယ် ဘုရား)။

ခြောင်....ဒါဖြင့် "အဝိဇ္ဇာ နိရောဓာ သင်္ခါရနိရောဓော" ဆိုတာ တခြားလား၊ မဂ္ဂသစ္စာလား....(မဂ္ဂသစ္စာပါ ဘုရား)။

ဒါ လောကီမဂ္ဂင်လား၊ လောကုတ္တရာ မဂ္ဂင်လား....(လောကုတ္တရာ မဂ္ဂင်ပါဘုရား)။ မဟုတ်ဘူး၊ လောကီမဂ္ဂင်၊ ပုထုဇဉ်

အသိလေ၊ ကလျာဏ ပုထုဇဉ်အသိ....(မှန်လှပါ ဘုရား)။ ရှင်းရော ရှင်းရဲ့လား .... (ရှင်းပါတယ် ဘုရား)။ မဂ္ဂသစ္စာ ကိန်း၊ မကိန်း....(ကိန်းပါတယ် ဘုရား)။ ကိန်းလျှင်သူက....

"သင်္ခါရနိရောဓာ ဝိညာဏနိရောဓော"

ဇာတိမချုပ်ဘူးလား....(ချုပ်ပါတယ် ဘုရား)။ ဇာတိချုပ်ရာသည် တခြားလား၊ နိဗ္ဗာန်လား....(နိဗ္ဗာန်ပါ ဘုရား)။ ဇရာချုပ်ရာသည် တခြားလား၊ နိဗ္ဗာန်လား....(နိဗ္ဗာန်ပါဘုရား)။ (ဗျာဓိ)မရဏ ချုပ်ရာသည် တခြားလား၊ နိဗ္ဗာန်လား (နိဗ္ဗာန်ပါဘုရား)။

အိုသေ လွတ်ချင်လျှင် သစ္စာသိပေး....(မှန်လှပါဘုရား)။ ခင်ဗျားတို့က အို သေ ကြောက်တယ် ဆိုတာကိုး .... (မှန်လှပါဘုရား)။ ဒါဖြင့် သာသနာနှင့် ကြုံကျိုးနပ်ရအောင် သာသနာကြီးကို အားပေးပြီး သြော်....အို သေ လွတ်ရာ ရောက်ရပါလို၏ (မှန်လှပါ ဘုရား)။ ကိုယ့်ခန္ဓာထဲက အို သေ ကြည့်ပြီးတော့ ဖြစ်တာနှင့် ပျက်တာ ဆိုတာ တခြားလား၊ အိုသေလား.... (အိုသေပါ ဘုရား)။ အေး....ဒါဖြင့် "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော" ဆိုတာတခြားလား၊ မဂ္ဂသစ္စာလား....(မဂ္ဂသစ္စာပါ ဘုရား)။

## သစ္စာသိလျှင် ခန္ဓာကိုယ် ရှောင်းလှူ

ဒါဖြင့် ကိလေသဝဋ်-ကမ္မဝဋ်ချုပ်တော့ ဝိပဝဋ်ဒါန မဖြစ်ဘူးလား....(ဖြစ်ပါတယ် ဘုရား)။ ဒါကြောင့် သာသနာတွင်း.

မှာ ဆွမ်းကလေး တဇွန်းလောင်းတာက မြတ်တယ် (မှန်လှပါ ဘုရား)။

ဒါဖြင့် သာသနာတွင်း အသိဉာဏ် ကိန်းပြီးတော့ မဂ်သစ္စာ ရအောင် လှူတဲ့ အလှူမျိုးဆိုလျှင် ခန္ဓာကိုယ် ရောင်းလှူပါ... (မှန်လှပါ ဘုရား)။ တိုက်တွန်းပါတယ်။

သာသနာကြီး အားပေးကြပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ နောင်လာ နောက်သားတွေ အတွက် ဪ...ဒီသာသနာကြီး ရဲ့ အရိပ်ခိုရလျှင်၊ သီလသာသနာ ခိုလိုက်လျှင်၊ ကာယကံ၊ ဝစီကံ လုံ၊ မလုံ....(လုံပါတယ် ဘုရား)။သမာဓိ သာသနာ ခိုလိုက် တယ် ဆိုလျှင် မနောကံ လုံ၊ မလုံ....(လုံပါတယ် ဘုရား)။ ပညာသာသနာ ခိုလိုက်လျှင် ကိလေသာ သေ၊မသေ ...(သေပါ တယ်ဘုရား)။

ဪ....ကိလေသာကြောင့် ကျုပ်တို့မှာ ဒုက္ခပင်လယ်ဝေ တာ....(မှန်လှပါ ဘုရား)။ ကိလေသာနိုင်တဲ့ မဂ်ဆေးဟာ သာ သနာတွင်းမှာ ရှိ၊ မရှိ....(ရှိပါတယ် ဘုရား)။ ဒါဖြင့် ဒီ အဝိဇ္ဇာ ဝိဇ္ဇာဖြစ်အောင် ခန္ဓာဒုက္ခမှ ကျွတ်ရပါလို၏၊ လွတ်ရပါလို၏ လှူလိုက်ပြန်တော့....

"အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော"

ဖြစ် မဖြစ်....(ဖြစ်ပါတယ် ဘုရား)။ ဒီ ကျတော့ မဂ္ဂသစ္စာ ကိန်း၊ မကိန်း....(ကိန်းပါတယ် ဘုရား)။ ကိန်းတော့....

"သင်္ခါရနိရောဓာ ဝိညာဏနိရောဓော"

ဆိုတော့ ဇာတိ ချုပ်၊ မချုပ်....(ချုပ်ပါတယ် ဘုရား)၊

ဒါ ဝဋ်ကျွတ်တဲ့ အလှူလား၊ ဝဋ်လည်တဲ့ အလှူလား....(ဝဋ် ကျွတ်တဲ့ အလှူပါဘုရား)။ သစ္စာသိတော့၊ ကိုင်း....ဦးပဉ္ဇင်းတို့ တကာ တကာမတွေ ဝဋ်မကျွတ်ဘူးလား .... (ကျွတ်ပါတယ် ဘုရား)။ သစ္စာမသိဘဲနှင့် လှူတော့ ဝဋ်ထဲပြန်မလည်ဘူးလား (လည်ပါတယ်ဘုရား)။

ဒါဖြင့် သာသနာတွင်း လှူတဲ့ အလှူနှင့် သာသနာပ လှူတဲ့ အလှူ ဘယ်ဒင်းက မြတ်သလဲ....(သာသနာတွင်း လှူတဲ့ အလှူက မြတ်ပါတယ် ဘုရား)။ အေး....သာသနာပ လုပ်ခဲ့တာ အလုပ် မှားလို့ ခု ဒုက္ခရောက်ရပြီ....(မှန်လှပါ ဘုရား)။ ခု သာသနာ တွင်းရောက်တော့ အဝိဇ္ဇာ ဝိဇ္ဇာဖြစ်အောင် ဘုရားက လဲထား ခဲ့၊ ပရိယတ္တိ သာသနာကြီးကလဲ စောင့်ရှောက်၊ ပဋိပတ္တိ သာသနာကြီးမှာ အညွန့်ခူးပြီးတော့ ခန္ဓာညာဏ်ရောက် ကျေးဇူး တော်ရှင် ဆရာတော်ကြီးကလဲ ဆုံးမ။

ဦးပဉ္ဇင်းတို့နှင့် တကွ ဦးပဉ္ဇင်းတို့ တကာ တကာမတွေ ကလဲ လိုလားတော့၊ လှူတော့မယ်ဆိုလျှင် ဗြုံးကနဲ မလုပ်လိုက်ပါနှင့် ကိုယ့်ခန္ဓာ ကိုယ့်ညာဏ် စိုက်လိုက်ပါ၊ ပေါ်ရာ လှူချင်တဲ့စိတ် ကလေး ဖြစ်-ပျက် ရှုလိုက်ပါ၊ နောက်ဆုံး လှူချင်တဲ့ စိတ်က လေး ...(ဖြစ်-ပျက် ရှုရမှာပါ ဘုရား။)

အေး....ဖြစ်ပျက်ဆိုတဲ့ ဒုက္ခသစ္စာကြီး၊ အဲဒီမြင်တဲ့ ဒုက္ခမှ ကျွတ်ခြင်း လွတ်ခြင်း အလိုရှိလို့ ဟောဒီ ဝတ္ထုပစ္စည်းကို စေတ နာသုံးတန် ပြဋ္ဌာန်းပြီး လှူပါတယ် ..(မှန်လှပါဘုရား)။ ဒီလို သှူလိုက်တော့ ဦးပဉ္ဇင်းတို့ တကာ တကာမတွေ မဂ္ဂသစ္စာ ခြံရံ

လူ့တွဲအတွက် နိရောဓသစ္စာကို ကျေးဇူး မပြုဘူးလား....(ပြုပါတယ်ဘုရား)။ ရောက်အောင် မပို့ဘူးလား(ပို့ပါတယ် ဘုရား)။

ဒါဖြင့် သောတာပန်တည်ပြီးမှ လူတာလား၊ ကလျာဏ ပုထုဇဉ်အနေနဲ့ လူတာလား ...(ကလျာဏ ပုထုဇဉ်က လူတာပါ ဘုရား)။

သစ္စာညာဏ်ဆိုတာ ကလျာဏ ပုထုဇဉ်အနေနှင့် ရထိုက်၊ မရထိုက်....(ရထိုက်ပါတယ် ဘုရား)။ ကိစ္စညာဏ် ဆိုတာလဲ ကလျာဏ ပုထုဇဉ် ရထိုက်၊ မရထိုက်....(ရထိုက်ပါတယ် ဘုရား)။

ဒါဖြင့် အရိယာဖြစ်မှ လူရမယ် ပြောတာလား၊ ကလျာဏ ပုထုဇဉ်ဖြစ်အောင် လုပ်ပြီး လူတို့ ပြောတာလား....(ကလျာဏ ပုထုဇဉ်ဖြစ်အောင် လုပ်ပြီး လူဘို့ ပြောတာပါ ဘုရား)။

အန္ဓပုထုဇဉ်ကတော့ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် မလုပ်နိုင်ဘူး....(မှန်လှပါ ဘုရား)။ လုပ်နိုင်ပါ့မလား.... (မလုပ်နိုင်ပါ ဘုရား)။ ဟော-အန္ဓပုထုဇဉ် အလှူမျိုးဆိုလျှင်တော့ ဒါ ဒုက္ခရောက်မယ်....(မှန်လှပါ ဘုရား)။ ကလျာဏ ပုထုဇဉ် ဖြစ်လာလို့ "အဝိဇ္ဇာနိရောဓာ" သစ္စာသိလျှင် မဂ္ဂသစ္စာ ခြံရံပြီး လူတဲ့အတွက် နိရောဓသစ္စာ မရဘူးလား၊ ရမလား .... (ရပါတယ် ဘုရား)။

ဒါဖြင့် ဦးပဉ္စင်းတို့ တကာ တကာမတွေ လူတာဟာ ဒါနကံသံသရာရှည်တာလား၊ သာသနာပ အလှူလုပ်မိလို့ သံသရာရှည်တာလား....(သာသနာပ အလှူလုပ်မိလို့ သံသရာ ရှည်တာပါ

ဘုရား)။ သာသနာတွင်း အသိဉာဏ်နှင့် လုပ်ခဲ့လျှင် ဒုက္ခမသိမ်းဘူးလား၊ သိမ်းမလား....(သိမ်းပါတယ် ဘုရား)။

ဒါဖြင့် ဒီ သာသနာကြီးရဲ့ ကျေးဇူးသိပြီ၊ ဪ....ဒို့ ဒီသာသနာကို ပစ္စယနုဂ္ဂဟဖြင့် အားပေးရမယ်၊ ထောက်ပံ့ရမယ်၊ ပစ္စယနုဂ္ဂဟအနေနှင့် ဦးပဉ္ဇင်းတို့ တကာ တကာမတွေကို ဒီ သာသနာတော်က လမ်းမပြဘူးလား၊ လမ်းပြသလား....(လမ်းပြပါတယ် ဘုရား)။ ဒါဖြင့် ဉာဏ်မျက်လုံး မမြင်ဘူးလား....(မြင်ပါတယ် ဘုရား)။

ပင်ကိုယ်က ကျုပ်တို့ ကန်းခဲ့တယ်နော်(မှန်လှပါ ဘုရား)။ ဦးဒွေးရေ ဦးပဉ္ဇင်းလဲ အကန်းဘဝကနေ လာတာဘဲ....(မှန်လှပါဘုရား)။ တကာကြီးတွေ တကာမကြီးတွေရော ဘယ်လိုလာတာလဲ....(အကန်းဘဝက လာတာပါ ဘုရား)။

အေး....ဘုရားသာသနာနှင့် ကြုံလို့ ဆရာကောင်းနှင့် ကြုံလို့ ခု ဉာဏ်မျက်လုံးလေး လင်းလာသလား၊ မလင်းလာဘူးလား (လင်းလာပါတယ် ဘုရား)။ လင်းလာတော့ ဦးပဉ္ဇင်းတို့ တကာ တကာမတွေ ချိုင့်တွေ၊ ကျင်းတွေ မရှောင်ရဘူးလား၊ ရှောင်ရမလား .... (ရှောင်ပါတယ် ဘုရား)။ ဇာတိချောက် ဇရာချောက် ဗျာဓိချောက်+မရဏချောက် မရှောင်ရဘူးလား (ရှောင်ရပါတယ် ဘုရား)။

## အဝိဇ္ဇာချုပ်တော့ အို-သေ ချုပ်

ဒီတော့မှ ဒီ ဒုက္ခ ကျွတ်လွတ်ခြင်း အလိုရှိလို့ ဒီ သာသနာ့ရဲ့ အရိပ်ခိုလို့၊ နောင်လာ နောက်သားတွေ ဒီအရိပ်ခိုပါစေ၊ ကိုယ်

ချမ်းသာသလို၊ သောက ပရိဒေဝ ငြိမ်းသလို နောင်လာနောက်သားတွေလဲ သောကပရိဒေဝငြိမ်းပြီး သူတို့ ဒုက္ခသိမ်းပါစေဆိုတဲ့ စေတနာနှင့် ဒီ သာသနာကြီးကို အားပေးမှသာ ဦးပဉ္စင်းတို့ တကာ တကာမတွေ ဒီ အဝိဇ္ဇာ ချုပ်ပါလိမ့်မယ်၊ ဒီ အဝိဇ္ဇာ ချုပ်တော့ အို-သေ ချုပ်၊ မချုပ်....(ချုပ်ပါတယ် ဘုရား)။

အဝိဇ္ဇာကြောင့် ကျုပ်တို့ အို-သေနှင့် တွေ့ရတာ....(မှန်လှပါဘုရား) ခု သာသနာတွင်း အသိဉာဏ်လဲ ရောက်ရော၊ အိုသေ လွတ်၊ မလွတ်....(လွတ်ပါတယ် ဘုရား)။ အဲဒါ ပရိယတ်က ပေးတဲ့ကျေးဇူး....(မှန်လှပါ ဘုရား)။ အဲဒီ ပရိယတ်က ပေးတဲ့ ကျေးဇူးကို ကိုယ်တိုင် ကျင့်ရမယ်....(မှန်လှပါ ဘုရား)။ ကိုယ်တိုင်ကျင့်တော့ ပဋိပတ်....(မှန်လှပါ ဘုရား)။ တကယ်လို့ လောကုတ္တရာ မဂ္ဂင်များ ဆိုက်သွားမယ်ဆိုလျှင် ဖြစ်-ပျက် ဆုံးဘာ တခြားလား၊ နိဗ္ဗာန်လား....(နိဗ္ဗာန်ပါ ဘုရား)။ ပြော် ဒီ ကျတော့ အို-သေ လွတ်ရာ အစစ်မတွေ့ဘူးလား၊ တွေ့သလား....(တွေ့ပါတယ် ဘုရား)။

သာသနာရိပ်ခိုပြီး သာသနာက ပေးတဲ့ ကျေးဇူးသိ၍ သာသနာအစစ်အမှန် ပြုနိုင်အောင် ဦးပဉ္စင်းတို့ တကာ တကာမတွေ သစ္စာ သိပြီးတဲ့အခါမှာ သစ္စာသိပြီး လူ့ဘို့ ဝိပဿနာ အလုပ်လုပ်တဲ့ အခါလဲ သစ္စာသိပြီး လုပ်ဘို့ မိုးကုတ်ဆရာတော်

ဘုရားကြီး ဆုံးမတဲ့ ဥပနိဿယကိုယူပြီး ယနေ့ည ကျေးဇူးဆပ်တာ ဒီမှာဘဲ အချိန်ယူ နားကြပါစို့။

သာဓု....သာဓု....သာဓု

ဓမ္မဟောဒ္ဓ သဂါရဝေါ။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး

နှင့်

ကမ္မဋ္ဌာနာစရိယ ဦးဓမ္မသာရ

အား

ဤတရားစာ ဖြန့်ချီမှုဖြင့် ပူဇော်ပါသည်။

ပူဇော်သူ ဓမ္မဒါန ရှင်များမှာ

၁။ ရဟန်းဒါယကာဦးသံဒိုင်(ကွယ်လွန်) နှင့် ရဟန်းအမ ဒေါ်တင်တင်။

၂။ ရဟန်း ဒါယကာ ဦးအောင်ချို နှင့် ရဟန်းအမ ဒေါ်လှညွန့်(ကွယ်လွန်)။

၃။ ဦးဒါးမောင်နှင့် ဒေါ်ကြင်စု၊ ဂ၄၊ လှည်းတန်း၊ ရန်ကုန်။

၄။ ဦးဝင်းရွှေ-အကောက်ခွန်ဌာန၊ ဂ၄၊ လှည်းကန်း၊ ရန်ကုန်။

၅။ ဦးစံလှ၊ ဒေါ်လှသန်း၊ ဦးချစ်စိန်၊ ဒေါ်[illegible]၊ ဒေါ်သောင်း၊ ဒေါ်ညွန့်၊ ဒေါ်နီ၊ ဒေါ်သိ[illegible]နု၊ ဒေါ်စုစု၊ ဦးဖွိုး၊ ဒေါ်စန်း၊ ဒေါ်ပန်းကျင်၊ ဒေါ်ကျင်သန်းအမှူးရှိသော မိုးကုတ်ယောဂီများ

၆။ ဦးကြင်နှင့် ဒေါ်မြမေ၊ ဂ၆၊ နတ်မောက်လမ်း၊ ရန်ကုန်။